ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ စနေနေ့၊ (15-9-2007) (၅၄၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးစက်မှုဇုန်ရှိ စက်ရုံများကို ကြည့်ရှုစစ်ဆေး ပိုမိုတိုးတက်ကောင်းမွန်သည့် စက်များကို စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်ကြရန်မှာကြား

နေပြည်တော်　　စက်တင်ဘာ　　၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန် (၆၂)လမ်းရှိ Jewellery Luck Co., Ltd. ၏ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံအထွေထွေမန်နေဂျာ ဦးနိုင်နိုင်လင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် တာဝန်ရှိသူများက ကုန်ကြမ်းမှ ကုန်ချောရရှိသည်အထိ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လိုက်ပါရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်က ထုတ်လုပ်သော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံဝင်းအတွင်း ဖော်မီကာအပြားများ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် (၅၁)လမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ ပုံဖိစက်ရုံသို့ရောက်ရှိပြီး ၃ ကီလိုဝပ် ဒိုင်နမိုထုတ်လုပ်ပုံ၊ ကြက်ဆူဆီမီးဖို ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် အမ်အာရ်-၀၇၂ အမျိုးအစား ကြက်ဆူဆီကြိတ်စက်ကို အင်ဂျင်စက်ဖြင့်မောင်းနှင်ပြီး ကြက်ဆူဆီ ထုတ်ယူရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ တိုင်းမှူးက အဆိုပါ ကြက်ဆူဆီကြိတ်စက်သည် လျှပ်စစ်မီးမလိုအပ်ဘဲ အင်ဂျင်စက်ဖြင့် ကြက်ဆူဆီ ထုတ်လုပ်နိုင်ခြင်းကြောင့် ကျေးလက်များတွင် ကြက်ဆူဆီကို စက်ဖြင့် အလွယ်တကူ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်စထက်တစ်စ ပိုမိုတိုးတက်ကောင်းမွန်သည့် စက်များကိုလည်း စဉ်ဆက်မပြတ် စမ်းသစ်တီထွင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အမ်အာရ်-၀၇၂ ကြက်ဆူဆီကြိတ်စက်သည် တစ်နာရီလျှင် နှစ်တင်းမှ ၂ဒသမ ၂၅ တင်းအထိ ကြိတ်ခွဲနိုင်ပြီး တစ်ကြိမ်တည်းနှင့် အစေ့မှဆီဖြစ်သည်အထိ ကြိတ်ခွဲနိုင်ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ထုတ်ပြန်ကြေညာ

ရန်ကုန်　　စက်တင်ဘာ　　၁၄

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံများကို အောက်တိုဘာ ၆ရက် (စနေနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို အောက်တိုဘာ ၆ ရက်မှ ၂၁ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၂၂၅၈နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၁၅-၉-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၉-၂၀၀၇ (စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရာ အရည်အသွေးမြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်း

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် သိမ်မွေ့ကျယ်ဝန်းနက်ရှိုင်းပြီး အဆင့်အတန်းမြင့်မားသည်။ ရှေးဘိုးဘွားဘီဘင် အဆက်ဆက်တို့က မြန်မာ့ရိုးရာအနုပညာရပ်များကို စိတ်ဓာတ်၊ သတ္တိ၊ သတိ၊ ဝီရိယစွမ်းအားများဖြင့် ထိန်းသိမ်းလာခဲ့ရာ ယခုအချိန်အထိ ထည်ထည်ဝါဝါ ရပ်တည်နိုင်လျက်ရှိသည်။

မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်က အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ် အနုပညာရှင်များအား လက်ဆင့်ကမ်း အမွေပေးဝေလျက်ရှိသည်။

နိုင်ငံတော်က နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် နိုးကြားထက်သန်ခိုင်မာနေစေရန် တစ်ခန်း တစ်ကဏ္ဍက ဖြည့်ဆည်းပေးနေသည်။ အနုပညာရှင်များကလည်း အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရင်း တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် လူနေမှုစနစ်ပုံစံများ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်မှုမှ ကာကွယ်တားဆီးသွားကြရမည်ဖြစ်သည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ မကြာမီ ကျင်းပမည်ဖြစ်ရာ အဆိုနှင့် အတီးပြိုင်ပွဲအတွက် သတ်မှတ်ထားသော သီချင်းများကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်အလိုက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပ၍ ဗဟိုအဆင့်ပါဝင်ယှဉ်ပြိုင်မည့် အနုပညာရှင်များအား ရွေးချယ်လျက်ရှိသည်။

ဝါရင့်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံးက ခေတ်အဆက်ဆက် ထိန်းသိမ်းဆင့်ပွား ပျိုးထောင်လာခဲ့သည့် သုခုမပညာရပ်များနှင့်အညီ မိမိတို့၏ပင်ကို အနုပညာအရည်အသွေးကို ဖော်ထုတ်ယှဉ်ပြိုင် တင်ဆက်ကြခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏ အနှစ်သာရနှင့် အရည်အသွေးမြင့်မားမှုကို ပြသနိုင်မည် ဖြစ်ပါသည်။ ။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာနမှ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် စက်တင်ဘာ ၇ ရက် တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အဆိုပါ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်းနှင့် ဇနီး ဒေါက်တာ ဒွေးဒွေးငြိမ်း မိသားစု (ACE)ဆောက်လုပ်ရေးက ငွေကျပ် သိန်း ၃၀၊ ဦးကျော်တီနှင့် ဒေါ်မြင့်မြင့်ကြည် (ချမ်းသာဆောက်လုပ်ရေး)က ငွေကျပ် ၂၅သိန်း၊ ဦးမိုးမြင့် မိသားစု (Myint & Associated Co., Ltd.)၊ ဦးချစ်ခိုင်(ဥက္ကဋ္ဌဓနဝင်ဆောက်လုပ်ရေး)၊ ဦးဇော်ဇော် (MAX Myanmar)၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီလီမိတက်) တို့က ငွေကျပ် သိန်း ၂၀စီ၊ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ ဇေကမ္ဘာကုမ္ပဏီ)၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီ)၊ ဦးထွန်းမြင့်နိုင်(ဥက္ကဋ္ဌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်)၊ ဦးမောင်ဝိတ် (မောင်ဝိတ်မိသားစုကုမ္ပဏီ)၊ ဦးထွန်းထွန်း(သီရောမဏီ ကျောက်မျက်ရတနာရောင်းဝယ်ရေး)၊ ဦးကျော်စိန် (Jewellery Luck Co., Ltd)၊ ဦးတေဇ (ထူးထရေးဒင်းကုမ္ပဏီ)၊ ဦးတင်မောင်နှင့်ဒေါ်နန်းလှစိန် (ဟွန်ဒါ-မြန်မာကုမ္ပဏီ)တို့က ငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုလုပ်အမှုဆောင်အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး မိသားစုက ငွေကျပ် ၁၀သိန်း၊ ဒေါက်တာစိုးဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ သူရဲသမိန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ခုနစ်သိန်း၊ ဦးနေမျိုးနိုင်-ဒေါ်အေးအေးလတ် (ချမ်းကြည်ကြည်သဘော်)က ငွေကျပ် ငါးသိန်းနှင့် ကျန်အလှူရှင် ၁၄ ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်တီက လက်ခံသည်။

ယင်းနောက် ကျောင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်တီက ကျေးဇူးတင်စကား ပြောကြားသည်။ ယနေ့လှူဒါန်းသည့် အလှူရှင်များ၏ အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၂၅၃ သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ လှိုင်သာယာမြို့နယ် နာတာရှည်ရောဂါဝေဒနာရှင်များ၏ အိမ်များသို့ သွားရောက်၍ အလှူငွေ၊ ဆေးဝါးနှင့် အာဟာရဓာတ်စုံပစ္စည်းများ ထောက်ပံ့စဉ်။ (သတင်းစဉ်)

AIDS/TB၊ အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

AIDS/TB ၊ **အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများက အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် သုံးသိန်း၊ World Vision Myanmar က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အာဟာရပစ္စည်းများ၊ စက်မှုဇုန် အပိုင်း(၅) စီမံခန့် ခွဲရေးကော်မတီက ငွေကျပ်တစ်သိန်း၊ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီက ငွေကျပ် တစ်သိန်း အပါ အဝင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ခုနစ်သိန်းရှစ်သောင်းကို လက်ခံသည်။

တင်ပြ

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်က ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်းအကြောင်း၊ ရှင်းလင်းတင်ပြပြီး လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ခင်က မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် (၁) ရပ်ကွက် ရွှေဒေါင်းလမ်းနှင့် (၂) ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ AIDS/TB နှင့်အခြားနာတာရှည်ရောဂါဝေဒနာရှင်များ၏ အိမ်များသို့ သွားရောက်၍ အလှူငွေ၊ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှုတ်ဝေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်သောမိဘများဖြစ်ကြသော ဦးအေး-ဒေါ်သန်းသန်း၊ ဦးဘသွင်-ဒေါ်ရင်မြတို့အားရည်စူး၍ ရန်ကုန်မြို့ ကျောက်မြောင်း တာမွေမြို့နယ် စကြာလမ်းနေ ဦးသန်းနိုင်-ဒေါ်မအေးသွင်၊ သမီး ရွှန်းလဲ့မင်း မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော အသောကဓမ္မဗိမာန် လေးထပ်ကျောင်းဆောင်ကြီးအတွက် ကွယ်လွန်သူ ဦးချစ်ထွေးအား ရည်စူး၍ သမိုင်းမြို့မ ကျောင်းလမ်း ၂ ရပ်ကွက်နေ ဒေါ်လှစိန်နှင့်သားသမီးများက ငွေကျပ်သိန်းနှစ်ဆယ် လှူဒါန်းစဉ်။ (က-ဝ)

အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်အဖွဲ့ မုံရွာမြို့ ဟောဗိတစ်ထောင် ဗုဒ္ဓရုပ်ပွားတော်ဖူးမြော် ရန်ကုန်မြို့တွင် ကျောက်မျက်ပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General Officer Commanding-GOC -3, Corps, Lieutenant General, MS.Dadwal,AVSM,VSM နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပုဂံညောင်ဦးမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုံရွာမြို့သို့ ထွက်ခွာလာကြရာ လမ်းခရီးရှိ စစ်ကိုင်းမြို့ ဦးဘမှင်-ဒေါ်ခင်လေးနှင့် သားသမီး ငွေထည်လုပ်ငန်းသို့ ဝင်ရောက်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ဖောဓိတစ်ထောင် သာသနာ့နယ်မြေသို့ သွားရောက်ကြပြီး ရှေးဦးစွာ တည်ဆောက်ဆဲရုပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြကာ ဧည့်သည်တော် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးက မိုးညှင်းသမ္ဗုဒ္ဓေဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီးတို့က အနောက်မြောက်တိုင်းစစ်ဌာနချုပ် မြဝတီရိပ်သာတွင် ကြိုဆိုနှုတ်ဆက်ကြပြီး စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသ၍ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဧည့်သည်တော် Lieutenant General, MS. Dadwal, AVSM, VSMတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ညပိုင်းတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီးတို့က ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General Officer Commanding-GOC-3 , Corps, Lieutenant General, MS.Dadwal,AVSM,VSM အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးသည် **Foundary Shop** စက်ရုံဝင်းအတွင်း **Show Room** တွင် ထုတ်လုပ်ပြီး နမူနာပြသထားသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စီအင်န်စီခန်းမ၌ စက်ပစ္စည်းများ တည်းဖြတ်တိုင်းထွာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါခန်းမ၌ မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် ဒါရိုက်တာအဖွဲ့များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အစုရှယ်ယာအဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် ၅၉ လမ်း ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား စက်မှုဇုန်ရှိ မန်းစတားမော်တော်ယာဉ် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြင့်ဆွေက မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် ဈေးကွက်တွင် ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၁၄

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး(၂၀၀၇)ကို စက်တင်ဘာ ၃ ရက်နံနက် ၉နာရီတွင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့် တက်ရောက် အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။ **(အောက်ပုံ)**

အစီအစဉ်အရ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး ဓိဝိတဒါန သွေးလှူရှင် ၄၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ လုပ်ငန်းရှင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံနယ်မြေတို့မှ ငွေကျပ် ၄၉၀၆၀၀ လှူဒါန်းကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်သန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြို့နယ်အမှုဆောင်များဖြစ်သည့် ဒေါ်သီသီဝင်း၊ ဦးခင်ကျော်၊ ဒေါ်ကျော့ကျော့ခိုင်၊ ဦးမျိုးချစ်တို့က အသင်းကြီး၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး အသင်းအမှုဆောင် ဦးမျိုးဆွေအောင်၊ ဦးသက်နိုင်ထွေးတို့က အကြံပြုဆွေးနွေးကြသည်။ ထို့နောက် သဘာပတိက ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အတည်ပြုချက်ရယူပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ (ခရိုင်ပြန်/ဆက်)

စက်တင်ဘာ ၇ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တာမွေမြို့နယ် စည်းရုံးရေးကော်မတီ၏ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး မင်းချိုဦး(ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

(စစ်မှုထမ်းဟောင်း)

စံပြအမျိုးသမီးအထက်တန်းကျောင်း (မရမ်းခြံ) အထက(၁) ကမာရွတ်၏ အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

စံပြ အမျိုးသမီးအထက်တန်းကျောင်း(မရမ်းခြံ) ကျောင်းသူဟောင်းများ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) ကမာရွတ်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့်မြင့်စိမ်း ဖုန်း ၅၈၄၄၈၉၊ ဒေါ်တင်တင်သင်း ဖုန်း-၅၂၆၁၅၉၊ ဒေါ်စန်းဖြူဖြူ ဖုန်း-၆၆၄၇၅၁၊ ဒေါ်ညွန့်ညွန့်ရည် ဖုန်း-၂၉၀၅၂၀၊ ဒေါ်နုနုမျိုးခင် ဖုန်း-၀၉-၉၉၇၀၁၄၂၊ ဒေါ်လှလှထွေး ဖုန်း-၅၀၁၄၀၉နှင့် ဒေါ်ပန်းခက်ခက် ဖုန်း-၀၉-၅၀၀၀၃၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၇ (စနေနေ့)

AM/PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"စိတ်ကိုပြုပြင်အလှဆင်"တရားတော်(ဒုတိယပိုင်း) [ဆရာတော် အရှင်သုဇာတ(ထန်းတပင်)]
၇း၅၅-၁း၅၅	Bonsai တို့ဖြစ်တည်ရာ Bonsai Villa
၈း၁၅-၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀-၂း၅၀	အဘိဓမ္မာတရားပြန့်ပွားစေရန် ကမ္ဘာ့ပထမဆုံးမဟာသိပ္ပံ
၉း၃၀-၃း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	အင်တာနက် Online ပေါ်မှ စိတ်ဝင်စားဖွယ်ရာ Website
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	Fashion Guide (မျက်နှာအနေအထားအမျိုးမျိုးအတွက် မိတ်ကပ်လိမ်းခြယ်နည်းအဆင့်ဆင့်)(အပိုင်း-၁)
၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	ထိမ်းမြားလက်ထပ်ပြီးစီးခြင်း(ဖြိုးကြီး၊စိုးမြတ်နန္ဒာ)
၁၁း၂၅-၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	တုနှိုင်းမမီအမေ့နို့ရည်(တစ်ခန်းရပ်ပြဇာတ်)
၁၂း၀၀-၆း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅-၆း၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	Movie Mistakes (AIR FORCE ONE)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်	ESPN(Live)
၅း၂၅	Everton-Man Utd	ESPN(Live)
၆း၁၀	Portsmouth-Liverpool	Star Sports (Live)
၇း၃၀	Tottenham-Arsenal	ESPN(Live)
၈း၂၅	West Ham-Middlesbrough	Star Sports (Live)
၉း၀၀	Birmingham-Bolton	ESPN(Live)
၁၀း၄၀	Chelsea-Balckburm	ESPN(Live)
၁၁း၃၀	Sunderland-Reading	Star Sports(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Lazio-Empoli	5-Cartoon (Live)

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တောင်ပိုင်း မိုင် ၆၀အကွာရှိ ဂါဇီတာပီလာအရပ်တွင် လုံခြုံရေးကင်းလှည့်နေသော ပါကစ္စတန်တပ်ဖွဲ့များကို စက်တင်ဘာ ၁၃ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇီဝလောင်စာထုတ်လုပ်သည့် အချက်အချာနိုင်ငံဖြစ်ရေး အာရှနိုင်ငံများ အပြိုင်အဆိုင် ကြိုးပမ်း

စင်ကာပူ စက်တင်ဘာ ၁၃

ဇီဝလောင်စာထုတ်လုပ်သည့် အချက်အချာနိုင်ငံအဖြစ် ရပ်တည်လာနိုင်ရန် စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြကြောင်း စက်တင်ဘာ ၁၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံသည် ဇီဝလောင်စာ ထုတ်လုပ်သည့် အဓိကနိုင်ငံအဖြစ် ရပ်တည်လာနိုင်စေရေးအတွက် ဇီဝလောင်စာ ထုတ်လုပ်ရေး အဆင့်မြင့်နည်းပညာများကို ပိုမိုအသုံးပြုနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံရှိ စပိုင်ယားသုတေသနအဖွဲ့က ပြောကြားသည်။

ဇီဝလောင်စာထုတ်လုပ်သည့် အချက်အချာနိုင်ငံဖြစ်ရန် အခြေခံလိုအပ်ချက်များမှာ ဇီဝလောင်စာ ထုတ်လုပ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ရှိခြင်းနှင့် ကုန်ကြမ်းပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်းတို့ ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ယခုလောလောဆယ် ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီများက ဇီဝလောင်စာချက်လုပ်ရေးစက်ရုံ သုံးရုံကို တည်ဆောက်ရန် စီစဉ်ထားသည်။ ယင်းစက်ရုံများသည် တစ်နှစ်လျှင် ဇီဝလောင်စာတန်ချိန် ၂၀၀၀၀၀ကျော် ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

မလေးရှားနိုင်ငံရှိ ဇီဝလောင်စာချက်လုပ်ရေး စီမံကိန်းခြောက်ခု ပြီးစီးသည့်အခါတစ်နှစ်လျှင်ဇီဝလောင်စာတန်ချိန် ၃၀၀၀၀၀ကျော် ထုတ်လုပ်နိုင်ရန် ရည်မှန်းသည်။ အင်ဒိုနီးရှားနိုင်ငံကလည်း တစ်နှစ်လျှင် ဇီဝလောင်စာ တန်ချိန် ၇၀၀၀၀ ထုတ်လုပ်နိုင်ရန် စီမံကိန်းများ ရေးဆွဲချမှတ်ထားသည်။

အာရှဒေသများတွင် ဇီဝလောင်စာ အများဆုံးထုတ်လုပ်သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံသည် တစ်နှစ်လျှင် ဇီဝလောင်စာ တန်ချိန် ၃၀၀၀၀၀၀ အထိ ထုတ်လုပ်လျက်ရှိသည်။

အင်တာနက်။

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး အင်ဒိုနီးရှားဆောင်ရွက်

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားအစိုးရက ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုထိန်းချုပ်နိုင်ရန် ကုလသမဂ္ဂ၏အကြံပြုချက်များနှင့်အညီ မဟာဗျူဟာမြောက်အစီအစဉ် ချမှတ်ထားကြောင်း၊ လူမှုဝန်ထမ်းဝန်ကြီးဌာန ညှိနှိုင်းရေးဝန်ကြီး အဘူရီဇယ်ဘက်ကရီက အင်္ဂါနေ့တွင် ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ရန်အတွက် မဟာဗျူဟာမြောက် အစီအစဉ်ခြောက်ရပ်ချမှတ်ထားသည်ဟု ဘာလီကျွန်းတွင်ကျင်းပသည့် ကြက်ငှက်တုပ်ကွေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွင် အဘူရီဇယ်က ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံမဖြစ်ပွားစေရန် ကာကွယ်ရေး၊ ပြည်သူလူထုအတွင်း ပညာပေးရေးနှင့် မွေးမြူရေးလုပ်ငန်း ပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အစည်းအဝေးတွင် သဘောတူညီကြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် H_5N_1 ဗိုင်းရပ်စ်ပိုးကြောင့် ၁၀၆ ဦးရောဂါဖြစ်ပွားခဲ့ပြီး ၈၅ ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား အမျိုးသမီးတစ်ဦး သေဆုံး

စင်ကာပူ စက်တင်ဘာ ၁၃

စင်ကာပူနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အမျိုးသမီးတစ်ဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီး သေဆုံးရာ ယခုနှစ်အတွင်း အဆိုပါရောဂါဖြင့် သေဆုံးသူခုနစ်ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင်အတည်ပြုပြောကြားသည်။

အသက် ၅၃ နှစ်ရှိ ၎င်းအမျိုးသမီးသည် ဖျားနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ထိုင်းမှိုင်းလေးလံပြီး အဖုအပိမ့်များထွက်ခြင်းတို့ကို ခံစားခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းကို ချန်ဂီဆေးရုံသို့တင်ပို့ခဲ့ရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်က အီရန်နိုင်ငံကို တိုက်ခိုက်မည်ဆိုပါက အီရန်ပြည်သူလူထုက တုံ့ပြန်မည်

တီဟီရန် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်၏ အားနည်းချက်များကို အခြေပြုပြီး အီရန်တွင် ခုခံကာကွယ်ရေးစနစ် တောင့်တင်းခိုင်မာလာခဲ့သည်ဟု အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့ တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး မိုဟာမက် အလီဂျာဖာရီက အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်က အီရန်နိုင်ငံကို တိုက်ခိုက်မည်ဆိုပါက အီရန်ပြည်သူလူထုက တုံ့ပြန်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ တော်လှန်ရေးအစောင့်တပ်ဖွဲ့များနှင့် ဘာဆစ်ပြည်သူ့ လက်နက်ကိုင် တပ်ဖွဲ့တို့က အီရန်တော်လှန်ရေးကို ဆက်လက်ထောက်ခံကြောင်း ၎င်းက ပြောကြားသည်။

ဗိုလ်ချုပ်ကြီး မိုဟာမက်အလီ ဂျာဖာရီသည် တပ်မှူးများ၏ နှစ်ပတ်လည် အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ကျင်းပမည့် ရွှေဖရုံသီးပွဲတော်အတွက် ပြင်ဆင်နေသည်ကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယကမ္ဘာစစ်အတွင်းက လက်ပစ်ဗုံး ကနေဒါရဲတပ်ဖွဲ့ ရှာဖွေတွေ့ရှိ

အော့တဝါ စက်တင်ဘာ ၁၃

ကနေဒါရဲတပ်ဖွဲ့သည်အဝတ်အထည် အထုပ်အတွင်း ထည့်ထားသည့် ဒုတိယကမ္ဘာစစ်အတွင်းက လက်ပစ်ဗုံး တစ်လုံးကို အင်္ဂါနေ့က ရှာဖွေတွေ့ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနတွင် ဖော်ပြထားသည်။

အာဏာပိုင်များက အဝတ်အထည် ပစ္စည်းများ ပေးပို့ခြင်းကို တစ်ပတ်ကြာ စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့က ကနေဒါ သတင်းစာကို ပြောကြားသည်။

လက်ပစ်ဗုံးရှာဖွေတွေ့ရှိပြီး ကြိုတင်ကာကွယ်သည့်အနေဖြင့် လူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ဗုံးအတွင်း ခလုတ်ထိန်းပင်ရှိနေသောကြောင့် အန္တရာယ်မဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းလက်ပစ်ဗုံးကို တစ်ဦးတစ်ယောက်က စွန့်ပစ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေယာဉ်ဘီးချမရသဖြင့် ဝမ်းဗိုက်ဖြင့် ရှပ်ဆင်းခဲ့ရ ခရီးသည်များ ထိခိုက်ဒဏ်ရာရမှု မရှိ

ဗီးနီးယပ် စက်တင်ဘာ ၁၃

လစ်သူယေးနီးယားနိုင်ငံတွင် စက်တင်ဘာ ၁၂ ရက်က ခရီးသည်၅၂ဦးလိုက်ပါလာသောလေယာဉ်တစ်စင်း ဘီးချမရသဖြင့် ဝမ်းဗိုက်ဖြင့်ရှပ်ဆင်းခဲ့ရကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိမှု တစ်ယောက်မျှမရှိကြောင်း၊ စကင်ဒီနေဗီးယား အက်စ်အေ အက်စ်လေကြောင်းလိုင်းမှ တာဘိုလေယာဉ် မတော်တဆဖြစ်ပွားမှုသည် ရက်သတ္တပတ်တွင်ဒုတိယအကြိမ်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်အမှုထမ်းသည် အဆင်းဂီယာပျက်သွားကြောင်း အသိပေးပြီးနောက် မြေပြင်သို့ ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ပြီး ဗီးနီးယပ်လေဆိပ်ပြေးလမ်းပေါ်သို့ လေယာဉ် ဝမ်းဗိုက်ဖြင့် လျှောတိုက်ဆင်းခဲ့သည်။

အက်စ်အေအက်စ်လေကြောင်းလိုင်းမှ အခြားလေယာဉ်တစ်စင်းသည် စက်တင်ဘာ ၉ ရက်က ဒိန်းမတ်နိုင်ငံတွင် အဆင်းဂီယာပျက်သွားသဖြင့် အရေးပေါ်ရှပ်ဆင်းခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် ခရီးစဉ် ၁၁၂- ခုကို ပယ်ဖျက်ခဲ့ရသည်။

ဒေသစံတော်ချိန် နံနက် ၁နာရီ ၄၈မိနစ်တွင် လေယာဉ်မတော်တဆဖြစ်ပွားခဲ့ပြီး ခရီးသည် ၄၈ ဦးစလုံး ထိခိုက်မှုမရှိသော်လည်း လေယာဉ်အမှုထမ်းလေးဦးဒဏ်ရာရရှိကြောင်း အက်စ်အေအက်စ်ကပြောကြားသည်။လေယာဉ်သည်ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှလစ်သူယေးနီးယားနိုင်ငံအနောက်ပိုင်းရှိ ဗယ်လန်ဂါမြို့သို့ ပျံသန်းသည့်ခရီးစဉ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ အမ်ရစ္စတာမြို့၌ ပြုလုပ်သည့် ရိုးရာဘန်ဂရာအကပွဲတော်တွင် ပါဝင်ဆင်နွှဲနေသူများအား စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ ၄၀ သေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၃

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကွတ်ဟိုင်လာပြည်နယ် အဝေးပြေးလမ်းမတွင် ဒိုင်းနမိုက် ၂၅ တန် တင်ဆောင်လာသော ယာဉ်နှင့် ကုန်တင်ယာဉ်ငယ်တို့ စက်တင်ဘာ ၁၀ရက်၌ တိုက်မိပြီး ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၄၀ခန့် သေဆုံးပြီး လူ ၁၀၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။ ဒိုင်းနမိုက် တင်ဆောင်လာသည့်ယာဉ်သည် ယာဉ်တိုက်မှုဖြစ်ပွားပြီး မီးလောင်ပေါက်ကွဲခဲ့သဖြင့် မြေပြင်ပေါ်တွင် အနက်နှစ်မီတာနှင့် ၁၀မီတာ အကျယ်ရှိ ချိုင့်ကြီး တစ်ခုဖြစ်ပေါ်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုင်အေအီးအေနှင့် အီရန် သဘောတူညီချက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ ကြိုဆို

ဗီယင်နာ စက်တင်ဘာ ၁၃

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် အီရန်နိုင်ငံတို့ လွန်ခဲ့သည့်လက ရရှိခဲ့သော သဘောတူညီချက်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများက ကြိုဆိုသည်ဟု ထုတ်ဖော်ပြောဆိုကြကြောင်း ကျူးဘား သံတမန်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် အိုင်အေအီးအေ အုပ်ချုပ်ရေးဘုတ်အဖွဲ့ အစည်းအဝေး၌ ကျူးဘားသံအမတ်ကြီး နော်မာမီဝွယ်လီနာ အက်စတန်နိုက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အိုင်အေအီးအေနှင့် အီရန်တို့ သဘောတူညီခဲ့သည့် လုပ်ငန်းအစီအစဉ်သည် ကြီးမားသော တိုးတက်မှု တစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်ကို အနောက်အုပ်စု နိုင်ငံများက သံသယပွားခဲ့ကြသည်။

မိမိတို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများသည် အိုင်အေအီးအေ အတွင်းရေးမှူးချုပ် ချန်၏ သမာသမတ်ရှိမှုနှင့် ကျွမ်းကျင်မှုစွမ်းရည် မြင့်မားမှုနှင့် ပတ်သက်၍ အပြည့်အဝယုံကြည်ကြောင်း အက်စတန်နိုက ပြောကြားသည်။ အီရန်နိုင်ငံသည် ဗျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အိုင်အေအီးအေ၏ မေးမြန်းမှုများကို ဖြေကြားမည်ဟု လွန်ခဲ့သည့်လတွင် ကတိပြုခဲ့သည်။

အိုင်အေအီးအေသည် အီရန် ဗျူကလီးယားပြဿနာကို သံတမန်ရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေသဖြင့် အနောက်အုပ်စုက ဖိအားပေးမှုများ မပြုလုပ်သင့်ကြောင်း အက်စတန်နိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံ ချာနိုဘိုင်း အဏုမြူဓာတ်အားပေးစက်ရုံကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရဟတ်ယာဉ်နှစ်စင်းတိုက်မိ၊ လေးဦးသေဆုံး

စတော့ဟုမ်း စက်တင်ဘာ ၁၃

ဆွီဒင်နိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာလ ၁၁ ရက်က လေ့ကျင့် ပျံသန်းနေသော ရဟတ်ယာဉ်နှစ်စင်း လေထဲ၌ တိုက်မိခဲ့ရာ ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်တစ်စင်းတွင် လေယာဉ်မောင်းတစ်ဦးနှင့် လေကြောင်းပြတစ်ဦးစီ လိုက်ပါသွားသည်။ ရဟတ်ယာဉ် နှစ်စင်းမှာ ရိုနီဘီမြို့လင်ကိုပင် အခြေစိုက်စခန်းမှ အက်ဖ်-၁၇ တပ်ဖွဲ့မှဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိသွားချိန်တွင် ရဟတ်ယာဉ်ပေါ် ပါရှိသူ လေးဦးစလုံး သေဆုံးသွားပြီဖြစ်ကြောင်း ဆွီဒင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်လိုဖီးလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကာကွယ်ရေး ပူးတွဲကော်မတီ သီရိလင်္ကာနှင့် အိန္ဒိယထူထောင်

ကိုလံဘို စက်တင်ဘာ ၁၃

သီရိလင်္ကာနှင့် အိန္ဒိယအစိုးရအဖွဲ့တို့သည် ကာကွယ်ရေးဆိုင်ရာ ပူးတွဲကော်မတီတစ်ရပ်ကို ထူထောင်လိုက်ကြောင်း သီရိလင်္ကာသမ္မတရုံးက စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

နှစ်နိုင်ငံ ပူးတွဲကော်မတီသည် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် တမီလ်ကျားသူပုန်အဖွဲ့ကို အစိုးရစစ်တပ်က စစ်ဆင်ရေး ဆောင်ရွက်ဖွယ်ရှိမှုနှင့် ပတ်သက်၍ ဆွေးနွေးရန်ရှိကြောင်း သီရိလင်္ကာတာဝန်ရှိသူများက ပြောကြားသည်။

ထူထောင်

ကျားသူပုန်အဖွဲ့သည် ၁၉၈၀ ပြည့်လွန် ဆယ်စုနှစ်လယ်မှစ၍ အစိုးရအဖွဲ့ကို ပုန်ကန်တိုက်ခိုက်လာခဲ့သည်။ ယင်းသူပုန်အဖွဲ့၏ ရည်မှန်းချက်မှာ နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လူနည်းစု တမီလ်တို့အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော် ထူထောင်ရန်ဖြစ်သည်။

အင်တာနက်။

တိုယိုတာမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ စီးရေ ၁၀သန်းကျော်အထိ ရောင်းချရန် မျှော်မှန်း

တိုကျို စက်တင်ဘာ ၁၃

ဂျပန်နိုင်ငံရှိ တိုယိုတာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၀၉ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကားစီးရေ ၁၀ ဒသမ ၄သန်းအထိ ရောင်းချနိုင်ရန်ရည်မှန်းထားကြောင်း ဝေါစထရိဂျာနယ်က စက်တင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုယိုတာကုမ္ပဏီသည် ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများအနက် အကြီးဆုံးဖြစ်သည်။ ယင်းကုမ္ပဏီသည် အမေရိကန်မော်တော်ကားဈေးကွက်တွင် ပိုမိုထိုးဖောက်နိုင်ရန် ရည်မှန်းချက်များ ချမှတ်ထားသည်။

၎င်းအပြင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့လည်း မော်တော်ကားတင်ပို့မှု ၅၀ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

တိုယိုတာ ကုမ္ပဏီ၏ ဈေးကွက် မျှော်မှန်းချက်ပြည့်မြောက်လာမည်ဆိုပါက ယင်းကုမ္ပဏီသည် တစ်နှစ်လျှင် ကားစီးရေ ၁၀သန်းကျော်အထိ တင်ပို့ ရောင်းချနိုင်သော ကုမ္ပဏီအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။

- မျှော်မှန်း -

ပြည်တွင်းဈေးကွက်၌သာမက အမေရိကန်နှင့် ဥရောပဈေးကွက်တို့တွင် အောင်မြင်မှုများရရှိလာမည်ဟု မျှော်မှန်းကြောင်း တိုယိုတာကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဝါတာနာဘေးက ပြောကြားသည်။

တိုယိုတာကုမ္ပဏီသည် ၂၀၀၇ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကားစီးရေ ၉ဒသမ ၃၄သန်းရောင်းချနိုင်မည်ဟု မျှော်မှန်းထားသည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံ ဘန်ကူလူဒေသ၌ အင်အားပြင်းမြေငလျင် လှုပ်ပြီးနောက် ပျက်စီးသွားသော လမ်းတစ်နေရာကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်းတွင် ဝမ်းရောဂါဖြစ်ပွား

ဂျီနီဗာ စက်တင်ဘာ ၁၃

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပြီးခဲ့သော ရက်သတ္တပတ်က လူဦးရေ ၇၀၀၀ နီးပါး ဝမ်းရောဂါ ဖြစ်ပွားခဲ့ပြီး ၁၀ ဦးသေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။ ဆူလာမန်နီရာ၊ ကာကွတ်နှင့် အာဘေးဒေသတို့၌ ဝမ်းရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းမှာ မသန့်ရှင်းသောရေကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဖာဒီလာချိုက်က ပြောကြားသည်၊

ရောဂါဖြစ်ပွားရာဒေသများ၌ ဖြန့်ဝေသောရေများတွင် ရေသန့်စင်သော ဓာတုပစ္စည်း ကလိုရင်းဓာတ်ကို အသုံးပြုခဲ့ပြီး ရေနမူနာများ ယူခဲ့ပြီး ဓာတ်ခွဲခန်းအတွင်း၌ စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သူမက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ ဆူလာမီနီရာမြို့တွင် သြဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၆ ရက်အတွင်း လူပေါင်း ၃၀၀၀ ကျော်မှာ ဝမ်းနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့သည်။

ကာကွတ်မြို့တွင် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း၌ လူပေါင်း ၃၇၀၀ ကျော်၌ ဝမ်းရောဂါဖြစ်ပွားပြီး တစ်ဦးသေဆုံးခဲ့သည်။ ယင်းမြို့၌ ဝမ်းရောဂါဖြစ်ပွားမှုကို အတည်ပြုခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ဝမ်းရောဂါကို ကာကွယ်တိုက်ဖျက်ရာ၌ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့၊ ယူနီဆက်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော ယာဉ်တစ်စီးကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖလော်ရီဒါပြည်နယ်တွင် ရဟတ်ယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန် ဖလော်ရီဒါပြည်နယ် ဆာရာဆိုတာ ကမ်းလွန်တစ်နေရာတွင် အင်္ဂါနေ့က ရဟတ်ယာဉ်တစ်စင်း ပျက်ကျသဖြင့် နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဗီဒီယိုရိုက်ရန်လာခြင်းဖြစ်သည်ဟု ဆာရာဆိုတာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ရာတွင် မော်တော်ဘုတ်တစ်စင်းကို တိုက်မိခဲ့ခြင်း ရှိ၊ မရှိ တာဝန်ရှိပုဂ္ဂိုလ်များက စုံစမ်းစစ်ဆေးနေသည်။

ယင်းဖြစ်ရပ်ကြောင့် စီးနင်းလိုက်ပါသူတစ်ဦး ကမ်းခြေအရောက် သေဆုံးသွားပြီး နှစ်ဦးကို ဒေသန္တရဆေးရုံသို့ ပို့ဆောင်ရာ တစ်ဦး သေဆုံးခဲ့သည်။

၎င်းလူသုံးဦးသည်မဂ္ဂဇင်းတစ်စောင်အတွက် မော်တော်ဘုတ် တစ်စင်းကို ဗီဒီယိုရိုက်ကူးစဉ် ပျက်ကျခြင်းဖြစ်သည်ဟု မီးသတ်ဌာန လက်ထောက်အကြီးအကဲ ဖြစ်သူပေါလ်ဒက်ဇီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခရီးသွားပြည်သူများ ဈေးနှုန်းချိုသာစွာသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသော မြန်မာ့မီးရထား

အောင်
(မီးရထား)

နိုင်ငံတော်အစိုးရသည် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့ နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူပြီးချိန်မှစ၍ လုပ်ငန်းတာဝန်ကြီး(၄)ရပ်ချမှတ်ပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူများ စားဝတ်နေရေး သက်သာချောင်ချိစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်သူ့ဆန္ဒနှင့်အညီ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဖော်ဆောင်ပေးခဲ့ပါသည်။ တစ်ချိန်တည်း၌ပင် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် လိုအပ်သည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။

ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရာတွင် ဈေးကွက်စီးပွားရေး သဘောတရားများအရ အမြတ်အစွန်းကို ရှေးရှုရမည်ဖြစ်သော်လည်း ပြည်သူများသက်သာချောင်ချိစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအသီးသီး၌ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပါသည်။ ယနေ့ စက်သုံးဆီဈေးနှုန်း တိုးမြှင့်သည်ဟုဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံအသီးသီးရှိ ဈေးနှုန်းများထက် သက်သာနေသေးသည်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသတင်းထုတ်ပြန်ရေးကော်မတီ၏ (၈-၉-၂၀၀၇) ရက်စွဲပါကြေညာချက်အမှတ်(၂/၂၀၀၇)တွင် ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံတော်အနေဖြင့် အမြတ်အစွန်း ရရန်မဟုတ်ဘဲ အရှုံးခံစိုက်ထုတ်သုံးစွဲနေရမှုအနည်းငယ် သက်သာသွားစေရန်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုံးသူ၊ ရုံးသားများ ဈေးနှုန်းချိုသာ၍ သွားလာမှုလွယ်ကူချောမွေ့စေရန် နေ့စဉ်ရထားကြီး တွဲဆိုင်း(၁၁)ဆိုင်း၊ အာရ်ဘီအီးတွဲဆိုင်းရှစ်ဆိုင်း စုစုပေါင်းတွဲဆိုင်း (၁၉)ဆိုင်းအသုံးပြုပြီး ရထားခေါက်ရေ (၁၉၁)ခေါက်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ လက်မှတ်ခနှုန်းထားမှာအနည်းဆုံး(၁၀)ကျပ်၊ အများဆုံး ကျပ်(၂၀)အထိသာရှိပြီး လိုရာခရီးသို့အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

ရုံးတက်ရုံးဆင်းချိန်များတွင် ရုံးသူ၊ ရုံးသားများ အဆင်ပြေစေရန်အတွက် နေ့စဉ်ရုံးတက်ချိန်များ၌ နံနက်ပိုင်းတွင် ရန်ကုန်အဝင်ရထားများမှာ အင်းစိန်ဘက်မှ လေးစင်း၊ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်းဘက်မှ သုံးစင်း၊ တိုးကြောင်လေးဘက်မှ သုံးစင်းဖြစ်ပြီး ညနေပိုင်းရုံးဆင်းချိန်တွင် ရန်ကုန်အထွက်ရထားများမှာ အင်းစိန်ဘက်သို့ လေးစင်း၊ မင်္ဂလာဒုံဘက်သို့သုံးစင်း၊ တိုးကြောင်လေးဘက်သို့ သုံးစင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ရုံးသူရုံးသားများနှင့် ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူပြီး ဈေးနှုန်းချိုသာစွာဖြင့် အလုပ်ခွင်သို့ အဆင်ပြေချောမွေ့ သွားလာနိုင်သဖြင့် မြန်မာ့မီးရထားကို အထူးပင်ကျေးဇူးတင်လျက်ရှိပါသည်။

ဤသို့ ရထားတွဲဆိုင်းသစ်များဖြင့် နေပြည်တော်-ရန်ကုန် ရထားများပြေးဆွဲပေးခဲ့ပါသည်။ **(မီးရထား)**

နမ့်ဆန်-ဆိုက်ခေါင်လမ်းပိုင်းတွင် ရထားတစ်စင်း ခုတ်မောင်းလာစဉ်။ **(မီးရထား)**

ထို့ပြင် ကျောင်းသားကျောင်းသူများ သွားလာရေး အဆင်ပြေစေရန်အတွက်လည်း မြန်မာ့မီးရထားက ရန်ကုန်-ရွာသာကြီး(စီးပွားရေးတက္ကသိုလ်)ရှစ်စင်း၊ ရွာသာကြီး (စီးပွားရေးတက္ကသိုလ်)-ရန်ကုန် ရှစ်စင်း၊ ရန်ကုန်-ဒဂုံ တက္ကသိုလ်ကိုးစင်း၊ ဒဂုံတက္ကသိုလ်-ရန်ကုန်ကိုးစင်း၊ ရန်ကုန်-အရှေ့ပိုင်းတက္ကသိုလ် ခြောက်စင်း၊ အရှေ့ပိုင်း တက္ကသိုလ်-ရန်ကုန် ခြောက်စင်း၊ ရန်ကုန်-ကွန်ပျူတာ တက္ကသိုလ် နှစ်စင်း၊ ကွန်ပျူတာတက္ကသိုလ်-ရန်ကုန်နှစ်စင်း ပြေးဆွဲပေး၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဈေးနှုန်းချိုသာစွာဖြင့် လသုံးလက်မှတ်များ၊ နေ့စဉ်သုံးလက်မှတ်များကို စာသင်ဆောင်များအထိ သွားရောက်ရောင်းချပေးခဲ့ပါသည်။ အရှေ့ပိုင်းတက္ကသိုလ်-ရန်ကုန်လသုံးလက်မှတ်ခမှာ ငွေကျပ် ၄၆၀ဖြစ်ပြီး ဒဂုံတက္ကသိုလ်-စီးပွားရေးတက္ကသိုလ် လသုံးလက်မှတ်ခမှာ ငွေကျပ် ၂၃၀သာ ရှိသဖြင့် တစ်လလုံးသုံးသည့် လက်မှတ်ခ ငွေကျပ် ၂၃၀မှာ လက်ဖက်ရည်တစ်ခွက်ဖိုးမျှပင်မရှိသဖြင့် မြန်မာ့မီးရထား၏ ကျောင်းသား ကျောင်းသူများအပေါ်ထားရှိသည့် စေတနာမှာ မဖော်ပြနိုင်လောက်အောင် ကြီးမားသည်ဟု ပြောနိုင်ပါသည်။

ထို့ပြင် ရုံးသူရုံးသားများနှင့် ကျောင်းသူကျောင်းသား မဟုတ်သော ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ် သွားလာသူများအတွက် လက်ဆွဲတန်ဆာခမှာ ၁၀ပိဿာ အထုပ်တစ်ထုပ်လျှင် ငွေကျပ် ၁၀ဖြစ်ပြီး ကလေးလက်မှတ်ခ

ရထားစီး၍ခရီးသွားရပြီဖြစ်သဖြင့် ပြုံးပျော်နေကြသော တိုင်းရင်းသားသွေးချင်းများ။ (မီးရထား)

နှုန်းထားမှာလည်း မည်သည့်ဘူတာသို့စီးစီး ငွေငါးကျပ်သာဖြစ်ပါသည်။ မှတ်သားထားရမည့်အချက်တစ်ခုမှာ နံနက်ရုံးတက်ချိန် ၈နာရီမှ ၁၀နာရီအထိနှင့်ညနေရုံးဆင်းချိန် ၄နာရီမှ ၆နာရီအတွင်းတို့တွင် မြို့ပတ်ရထားပေါ်၌ ဝန်ကျယ်ပစ္စည်းများနှင့် ထမ်းပိုးပစ္စည်းများ တင်ဆောင်ခွင့်မပြုကြောင်းပင် ဖြစ်ပါသည်။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးသည် ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ကြည့်မြင်တိုင်၊ အင်းစိန်၊ ဒညင်းကုန်း၊ မလွှကုန်း၊ သဃ်္ဃန်းကျွန်းဘူတာတို့တွင် Check Point များထားရှိ၍ နေ့စဉ် နံနက် ၉နာရီ၊ မွန်းလွဲ ၁နာရီ၊ ညနေ ၅နာရီနှင့် ည ၉နာရီ တို့တွင် ခရီးသည်အခြေအနေ၊ စက်ခေါင်းနှင့်တွဲအခြေအနေ၊ တွဲမီးရရှိမှုအခြေအနေ၊ ဆက်သွယ်ရေးနှင့် လမ်းအခြေအနေတို့ကို မြို့ပတ်ကွန်ထရိုးသို့ သတင်းများရယူပေးပို့ပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံအဆင်ပြေချောမွေ့စေရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

ခရီးသွားလာရာတွင် ငွေကုန်ကြေးကျသက်သာမှု၊ လုံခြုံမှုနှင့် အဆင်ပြေမှုအရှိဆုံးမှာ မီးရထားဖြင့် ခရီးသွားလာခြင်းပင်ဖြစ်ပါသည်။ ခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး ဘေးအန္တရာယ် ကင်းရှင်းမှုများကြောင့် ခေတ်အဆက်ဆက် ခရီးသွားပြည်သူများသည် မီးရထားကို အားကိုးစီးနင်းကြသည်။

ထိုသို့ ခရီးသွားပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ၁၉၈၈မတိုင်မီက ရထားလမ်း ခရီးမိုင် ၁၉၇၆ဒသမ ၃၅မိုင်ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ရထားလမ်းအရှည် ၃၀၄၈ဒသမ ၈၆မိုင်ထိ ရှိလာခဲ့ပြီး ၁၉၈၈မတိုင်မီက ဘူတာရုံပေါင်း ၄၈၇ဘူတာသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၃၁၉ဘူတာ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံ စုစုပေါင်း ၈၀၆ဘူတာ၊ ၁၉၈၈မတိုင်မီက တံတားကြီး၊ တံတားငယ်စင်းရေ ၅၆၅၀မှ တပ်မတော်အစိုးရလက်ထက်တွင်တံတားကြီး၊တံတားငယ်စင်းရေ၄၀၅၀ ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ တံတားငယ် စုစုပေါင်း ၉၇၀၀ကို ဖောက်လုပ် တည်ဆောက်နိုင်ခဲ့ပါသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➪

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အစရှိသည်တို့ကို ပိုမိုတိုးတက်စေသည်။ ထို့ပြင် ဒေသခံပြည်သူတို့၏ လူမှုစီးပွား အရပ်ရပ်ကို ပိုမိုပြည့်စုံစေပြီး တိုင်းနှင့်ပြည်နယ်အနှံ့ ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ပိုမိုနားလည် စည်းလုံးညီညွတ်၍ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုမြင့်မားတိုးတက်စေပါသည်။

မြန်မာ့မီးရထားမှ ကိုယ်ပိုင်ထုတ်လုပ်ခဲ့သော စက်ခေါင်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်၍ ဤသို့ သယ်ယူပို့ဆောင်ပေးခဲ့သည်။ (မီးရထား)

➪ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အစရှိသည်တို့ကို ပိုမိုတိုးတက်စေသည်။ ထို့ပြင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားအရပ်ရပ်ကို ပိုမိုပြည့်စုံစေပြီး တိုင်းနှင့်ပြည်နယ်အနှံ့ ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ပိုမိုနားလည် စည်းလုံးညီညွတ်၍ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုမြင့်မားတိုးတက်စေပါသည်။

မန္တလေးမှ ကချင်ပြည်နယ် မြစ်ကြီးနားခရီးစဉ်အနေဖြင့် အမြန်ရထားလေးစင်းနှင့် စာပို့ရထားတစ်စင်း ပြေးဆွဲပြီး အထက်တန်းအိပ်ခန်းမှာ ကျပ်၃၇၈၀၊ အထက်တန်းထိုင်ခုံ ကျပ်၂၇၅၀ ရိုးရိုးတန်းထိုင်ခုံ ကျပ်၁၃၈၀ ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးသို့ မန္တလေးမှ ရထားဖြင့် သွားမည်ဆိုလျှင် ပထမတန်း ကျပ်၁၂၇၀နှင့် ရိုးရိုးတန်း ကျပ် ၉၁၀ ဖြစ်ပါသည်။ ၎င်းပြင်မန္တလေးမှ ပခုက္ကူ၊ မန္တလေးမှမုံရွာသို့ နေ့စဉ်ရထား ပြေးဆွဲပေးလျက်ရှိရာ အထက်တန်း ကျပ်၇၇၀နှင့် ရိုးရိုးတန်းကျပ်၃၃၀ရှိ၍ မန္တလေး–မတ္တရာသို့လည်း ရထားများ ဈေးနှုန်းချိုသာစွာဖြင့် ပြေးဆွဲပေးပြီး ပုဂံသို့လည်း မန္တလေးမှရထားဖြင့် ဘုရားဖူးလိုသူများအတွက် ရထားပြေးဆွဲပေးလျက် ရှိပါသည်။ လက်မှတ်ခနှုန်းထားမှာ အထက်တန်း ကျပ်၉၆၀နှင့် ရိုးရိုးတန်းကျပ် ၄၈၀သာရှိသဖြင့် ဈေးနှုန်းချိုသာစွာ သွားရောက်လည်ပတ် ဘုရားဖူးနိုင်ပါသည်။

သာစည်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်များသို့ သွားလာမှုလွယ်ကူချောမွေ့စေရန် မြန်မာ့မီးရထားမှ ရထားများပြေးဆွဲပေးလျက်ရှိပါသည်။ ၎င်းတို့မှာ သာစည်–အောင်ပန်း–လွိုင်ကော်ရထား ပြေးဆွဲပြီး အထက်တန်း ကျပ်၂၂၇၀နှင့် ရိုးရိုးတန်းကျပ်၈၈၀သာကုန်ကျပါသည်။ သာစည်မှ ရွှေညောင်နှင့် တောင်ကြီး– နမ့်စန်–မိုးနဲမြို့များသို့လည်း ရထားများပြေးဆွဲပြီး ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူစွာခရီးသွားလာနိုင်ကြပါသည်။

နေပြည်တော်ကို ဗဟိုပြု၍ ဒေသအနှံ့ပြည်သူများ ခရီးသွားလာမှုအဆင်ပြေ ချောမွေ့စေရေးနှင့် ရောင်းဝယ်ဖောက်ကားရာတွင် လျင်မြန်တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် မြန်မာ့မီးရထားသည် ရိုးမအနောက်ခြမ်းတွင် နေထိုင်ကြသော ဒေသခံပြည်သူများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလုံခြုံချောမွေ့စေရန် အမှတ်(၁၀၇)အဆန်ရထားနှင့် အမှတ် (၁၀၈)အစုန် နေပြည်တော်–ပုဂံလူစီးရထားကို ၂၀၀၆ခုနှစ် မေလ၁၈ရက်မှ စတင်ကာ ပြေးဆွဲပေးခဲ့သည်။ ထို့နေမှာပင်အမှတ်(၁၀၁)အဆန်နှင့် အမှတ် (၁၀၂)အစုန် နေပြည်တော်–ကျောက်ပန်းတောင်း–နေပြည်တော်စာပို့ရထားကိုလည်း တစ်ပြိုင်တည်း အသွား၊အပြန် ပြေးဆွဲပေးခဲ့သည်။ ထိုသို့ ပြေးဆွဲပေးခဲ့မှုကြောင့် ဒေသခံပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အတူ မြန်မာ့မီးရထားသည်အမှတ်(၁၀၉) အဆန်ရထားနှင့် အမှတ် (၁၁၀) အစုန်ရထား နေပြည်တော်–ပြည်မီးရထားခရီးစဉ်သစ်ကို ၂၀၀၆ ခုနှစ် မေလ ၂၅ရက်တွင် စတင်ဖွင့်လှစ် ပြေးဆွဲပေးခဲ့သဖြင့် ပြည်မြို့အနီးဝန်းကျင်မှ ဒေသခံပြည်သူများ နေပြည်တော်သို့မီးရထားဖြင့် တိုက်ရိုက်ခရီးသွားလာနိုင်ကြသကဲ့သို့ ပုံမှန်ရထားပြေးဆွဲမှုများကြောင့် သွားလာရေး အဆင်ပြေလျက်ရှိနေပါသည်။

နိုင်ငံအနှံ့ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ရောင်းဝယ်ဖောက်ကားရာတွင် လျင်မြန်တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် မြန်မာ့မီးရထားသည် အမှတ်(၂၅)အဆန်ရထားနှင့်အမှတ်(၂၆)အစုန်ရထားကိုနေပြည်တော်–မန္တလေးခရီးစဉ်တွင် ၂၀၀၆ခုနှစ် ဇွန်လ ၇ရက်နေ့မှစတင်ကာ ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့ကြောင့် မန္တလေးမှ နေပြည်တော်၊ နေပြည်တော်မှ မန္တလေးသို့ သီးခြားမီးရထားခရီးစဉ်ဖြင့် သွားလာနိုင်ကြပြီဖြစ်ပါသည်။

တစ်ဖန် မြန်မာ့မီးရထားအနေဖြင့် အမှတ်(၂၇) အဆန် အမြန်ရထားနှင့်အမှတ်(၂၈) အစုန်အမြန်ရထားကို နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ ခရီးစဉ်အဖြစ် ၂၀၀၆ ခုနှစ်ဇူလိုင်လ၁၆ရက်ကစတင်ပြေးဆွဲပေးနိုင်ခဲ့သည်။ ထို့အတူဒိုက်ဦး–မြစ်ကျိုး–စစ်တောင်း မီးရထားလမ်းပိုင်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် နေပြည်တော်–မော်လမြိုင်–နေပြည်တော် လူစီးရထားကို ၂၀၀၇ခုနှစ် ဧပြီလ၂၂ရက်မှ စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

၎င်းအပြင် ၂၀၀၇ခုနှစ် စက်တင်ဘာလ၂ရက်နေ့ ကြေးနီ–ချောက်၄၃သမ၃မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ချောက်မှနေပြည်တော်၊ နေပြည်တော်မှချောက်သို့ နေ့စဉ်ရထားများပြေးဆွဲသွားလာနိုင်ပြီး ဧရာဝတီမြစ်ကို အနော်ရထာတံတားမှကားဖြင့်ကျော်ဖြတ်၍ချင်းပြည်နယ်သွေးချင်းများရှိရာဒေသသို့ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ပါသည်။

ရန်ကုန်မှ မွန်ပြည်နယ်မော်လမြိုင်–ရေး–ထားဝယ်မြို့များသို့ နေ့စဉ်ရထားသုံးစင်းပြေးဆွဲပြီး ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်မြို့များမှတစ်ဆင့် တနင်္သာရီတိုင်းရှိ မြိတ်–ကော့သောင်းမြို့များသို့လည်း သွားရောက်နိုင်ရန် အထောက်အကူပြုနိုင်ခဲ့ပါသည်။ လက်မှတ်ခနှုန်းထားမှာ ရန်ကုန်–ထားဝယ် အထက်တန်း ကျပ်၃၈၅၀ဖြစ်ပြီး ရိုးရိုးတန်းကျပ် ၁၈၆၀သာကုန်ကျသဖြင့် သွားလာမှုစရိတ်သည် အခြားသောယာဉ်များဖြင့်ခရီးသွားခြင်းထက် များစွာသက်သာလျက်ရှိပါသည်။

ရန်ကုန်–ပြည်၊ ရန်ကုန်–သာရဝေါမှ တစ်ဆင့် ဟင်္သာတ၊ ပုသိမ်မြို့များသို့လည်း သွားရောက်နိုင်ခဲ့ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ပုသိမ်မှကြခင်းအထိ ရထားများပြေးဆွဲ၍ ပခုက္ကူမှဂန့်ဂေါ–ကလေးသို့လည်း အရှည်ပေ ၅၆၁၀ရှိ ပုံညာတောင်ဥမင်ကိုဖြတ်သန်းကာ ရထားများ သွားလာနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့မှ မြောက်ပိုင်းကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ရထားစီး၍ခရီးသွားနိုင်ကြပြီဖြစ်ပါသည်။ ၎င်းပြင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၃၂၂မိုင်ရှိသော ကြခင်း–ပခုက္ကူရထားလမ်းကြီးကိုလည်း မြန်မာ့မီးရထားဝန်ထမ်းများက နေ့မအား၊ ညမနား ဒေသတစ်ခုနှင့်တစ်ခုကွန်ရက်သဖွယ် လက်ယှက်ထိုး သွားလာနိုင်ရေးအတွက် ဖောက်လုပ်လျက်ရှိပါသည်။

တစ်နိုင်ငံလုံးအနေဖြင့် မြန်မာ့မီးရထားသည် နေ့စဉ်အမြန်ရထားအစင်း၄၀၊ စာပို့ရထား ၂၂စင်း၊ လူစီးကုန်ရထား ၆၄စင်း၊ ခရီးတိုရထား၇၂စင်း၊ မြို့ပတ်၁၉၁စင်းတို့ဖြင့် မြန်မာနိုင်ငံအနှံ့ခရီးသည်နှင့်ကုန်စည်များကို ဈေးနှုန်းချိုသာစွာဖြင့် နေ့ရောညပါ သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ပျဉ်းမနား–မြို့ဟောင်းဒွေးလမ်း၁၅၇မိုင်၊ ပျော်ဘွယ်–ဘုရားငါးဆူလမ်း၁၆၃သမ ၁၉မိုင်၊ ကြခင်း–ပခုက္ကူ ၃၂၂မိုင်၊ ကသာ–ဗန်းမော်၉၅မိုင်တို့ကိုလည်း ဆက်လက်ဖောက်လုပ်လျက်ရှိခြင်းကြောင့် ပြည်သူများ မီးရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့ကာကုန်စည်စီးဆင်းမှုများလည်း ယခင်ကထက် လျင်မြန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးများ နေ့ချင်းညချင်း အချိန်တိုအတွင်းဖြစ်ထွန်းတိုးတက်၍ ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုအထောက်အကူပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ရွှေနားပန်စေတီတော် ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေနားပန်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နေပူခံကျောက်ပြားများ အသစ်ပြန်လည်ခင်းရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို စက်တင်ဘာ ၁၀ ရက်က ရွှေနားပန်ဘုရားဝင်းအတွင်းရှိ ရွှေဟင်္သာဓမ္မာရုံကြီး၌ပြုလုပ်သည်။ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ အကျိုးဆောင်အဖွဲ့မှ လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ နေပူခံကျောက်ပြား တစ်ပေပတ်လည် တစ်ချပ် ကျပ်၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ၁၀'x၁၀''ပေပတ်လည် တစ်ကျင်း ကျပ် နှစ်သိန်းငါးသောင်းဖြင့်လည်းကောင်း လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၅၇၃၅၈၅၊ လိုင်းခွဲ ၃၃၃/၃၂၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၈)

ဗိုလ်တထောင်ကျိုက်ဒေးအပ် စေတီတော်မြတ်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

၁၃၆၉ ခုနှစ်တော်သလင်းလဆန်း ၈ရက် (စက်တင်ဘာ၁၉ရက်)ဗုဒ္ဓဟူးနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်ရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တစန္ဒဝရ (လှိုင်မဟာစည်ဆရာတော်)နှင့် ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဲခူးတိုင်း(အရှေ့)တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပဏ္ဍာဝံသ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်အလင်းရောင်ကျောင်းမှ ဘဒ္ဒန္တ ဝိမလအရှင်သူမြတ်က ဥပုသ်သီလပေး တရားတော်များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကို စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီတွင် မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပသည်။

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်ဦး အခြေခံကျောင်းပေါင်းစုံ ပြည်နယ်နှင့်တိုင်းအဆင့်တင်းနစ်ပြိုင်ပွဲ ရွှေတံဆိပ်နှင့် အကောင်းဆုံးအားကစားသမားဆုရ နောင်စစ်လှုဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ၂၀၀၇ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားလူငယ်များ၊ ပြည်နယ်၊ တိုင်းအဆင့်တွင် အားကစားထူးချွန်ဆုရ လူငယ်များ၊ မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစည်းရုံးရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဌေးက ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားလူငယ်များနှင့် ပြည်နယ်နှင့် တိုင်းကျောင်းသားအားကစားပြိုင်ပွဲ ၁၂နှစ်အောက် တင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိခဲ့သည့် လူငယ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အစီအစဉ်အရ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။ အကြံပြုချက်များနှင့်ပတ်သက်၍ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်အောင်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ကာ သဘာပတိက အစည်းအဝေး၏ အတည်ပြုချက်ရယူ၍ အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာရုပ်သိမ်းလိုက်သည်၊ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်ဆေးတက္ကသိုလ် (၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်းကျောင်းဝင်ခဲ့သည့် အတန်းရှစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာ ကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒေါက်တာဦးဝင်းမြင့် ဖုန်း–၆၄၁၃၁၇၊ ဒေါက်တာဦးစိုးမင်းသန်း(ခ) စိုးအောင် ဖုန်း–၂၉၃၉၆၃၊ ဒေါက်တာဦးစိုးသန်း ဖုန်း–၂၂၆၈၅၅–၂၁၅၊ ဒေါက်တာဦးကျော်မိုး ဖုန်း–၃၈၂၁၇၇၊ ဒေါက်တာလူစီကျော်မြ ဖုန်း–၆၆၄၉၄၂၊ ဒေါက်တာခင်မောင်သန်း ဖုန်း–၆၅၀၅၃၄၊ ဒေါက်တာသန့်လွင်မောင် ဖုန်း–၅၂၇၆၅၆၊ ဒေါက်တာအောင်ကြည်ဝင်း ၀၁–၅၃၈၈၉၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသို့ ဂုဏ်ပြုချီးမြှင့်ထောက်ပံ့သည့်ငွေများ ပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က ကျင်းပရာ မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအုန်းသောင်(ငြိမ်း)က ၂၀၀၇ခုနှစ် တက္ကသိုလ် ပညာသင်ဆုရကျောင်းသူနှစ်ဦးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီး ၂၉ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။**(ယာပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်း)



ကုန်ထုတ်လုပ်မှုရည်မှန်းချက်များအောင်မြင်ရန် ကြိုးကြိုးစားစားဆောင်ရွက် ဝန်ကြီးဌာနကချမှတ်ထားသော လမ်းညွှန်ချက်နှင့်မူဝါဒများကို လေးစားလိုက်နာ

နေပြည်တော် စက်တင်ဘာ ၁၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၈၀စက္ကူညိုနှင့် တစ်နေ့တန် ၅၀ CTMP ပျော့ဖတ်စက်ရုံစီမံကိန်း(ရေနီ)သို့ ရောက်ရှိ၍ ရှုရပ်မျှော်စင်မှ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် စက်ရုံမှူး ဦးထွန်းလင်းတို့က အဆောက်အအုံများ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ဝါးချက်အိုးနှင့် ရေဆေးဌာန၊ တန် ၈၀ စက္ကူညိုအဆောက်အအုံ တည်ဆောက်နေမှုအခြေအနေ၊ ပျော့ဖတ်ချက်အိုး သုံးလုံး တည်ဆောက်နေမှု၊ အငွေ့ပျံဌာန၏ အဆောက်အအုံ တည်ဆောက်နေမှုနှင့် စက်ပစ္စည်းများ တပ်ဆင်မှုအခြေအနေများကိုလည်းကောင်း၊ ဓာတ်ဆားပြန်ထုတ်ဘွိုင်လာဌာန၏ အမြင့် မီတာ ၆၀ ခေါင်းတိုင် တည်ဆောက်နေမှုအခြေအနေနှင့် ထုံးဖုတ်ဌာန၏ မြို့ပြဆိုင်ရာ အဆောက်အအုံနှင့် စက်ပစ္စည်းများ တပ်ဆင်မှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီးလုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းအား စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စက်ပစ္စည်းရောက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်ရက်အတွင်း စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် စက်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းသစ်၊ ဝါးများကို စနစ်တကျ စီမံဆောင်ရွက်၍ ယခုကတည်းက စုဆောင်းထားရှိကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် အမှတ်(၂) စက္ကူစက်ရုံ (ရေနီ) သို့ရောက်ရှိ၍ ချက်အိုးဌာနရှိ ပျော့ဖတ်ဖျော်စက်၊အခြောက်ခံစက်များ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ အခြောက်ခံစက်မှ ထွက်ရှိလာသော စက္ကူညိုနှင့် သိုလှောင်ရုံအတွင်းရှိ စက္ကူညိုလိပ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စနစ်တကျ သပ်သပ်ရပ်ရပ် သိုလှောင်ထားရှိရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လျှပ်စစ်၊ ပြင်ထိန်းဌာန၏ မော်တာများ ကွိုင်ပတ်နေမှု အခြေအနေ၊ရေနွေးငွေ့ထုတ်ဘွိုင်လာနှင့် ကုန်ကြမ်းဝါးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံ၏ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်ရန်အတွက် တာဝန်ရှိသူ အသီးသီးတို့က မိမိတို့ကျရာ တာဝန်များကို စိတ်ကောင်း၊ စေတနာမှန်ဖြင့် ကြိုးကြိုးစားစား ညှိနှိုင်းဆောင်ရွက်ကြရန်၊ လူ့စွမ်းအား၊ အတတ်ပညာစွမ်းအား၊ စက်စွမ်းအားတို့ဖြင့် ပေါင်းစပ် ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနက ချမှတ်ထားသော လမ်းညွှန်ချက်နှင့် မူဝါဒများကို လေးစားလိုက်နာ ဆောင်ရွက်ကြရန်မှာကြားပြီး စက္ကူစက်ရုံ စီမံကိန်း မြစ်ရေတင်ဌာန၏ စစ်တောင်းမြစ်ရေမှ ရေတင်ရန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရေရှည်အသုံးပြုနိုင်ရန်အတွက်ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရေတာရှည်မြို့နယ် အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၈၀စက္ကူညိုနှင့် တစ်နေ့ တန် ၅၀ CTMP ပျော့ဖတ်စက်ရုံ စီမံကိန်း(ရေနီ)ကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျောင်းကျန်းမာရေးအထောက်အကူပြုလုပ်ငန်း စီမံချက်တစ်ခုဖြစ်သည့် ကျောင်းကျန်းမာရေးဆိုင်ရာနှင့် အမှိုက်အကြောင်းသိကောင်းစရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၃ရက် မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် တက်ရောက်အားပေးသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျောင်းကျန်းမာရေး အထောက်အကူပြုလုပ်ငန်း စီမံချက်တစ်ခု ဖြစ်သည့် ကျောင်းကျန်းမာရေးဆိုင်ရာနှင့် အမှိုက်အကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားစဉ်။

(မြို့တော်စည်ပင်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် လုပ်ငန်း အဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန–ဌာနမှူး ဒေါက်တာအောင်သန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာ နန္ဒာထွန်းနှင့် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာ နန္ဒာထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က ကျောင်းကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း ဟောပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးစိုင်းစံဦးက အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်းဆိုင်ရာ စည်းကမ်း၊ နည်းလမ်းများနှင့် ပတ်သက်၍ ဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူးလျက် စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ပြည်လမ်း၌ စက်တင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုနှင့် ပတ်သက်၍ AFTA and Beyond AFTA ခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ရီက ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ (က–ပ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ဝိပဿနာ စေတီတော်ကြီးအတွက် ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်း D.S.P ပညာရိပ်သာမှ ဆရာမကြီး ဒေါ်ရွှေပု၊ ညီမ ဒေါ်ကြူကြူဝင်း မိသားစုက အလှူငွေကျပ် ၁၂ သိန်းကို စက်တင်ဘာ ၁၃ ရက်က ပေးအပ်လှူဒါန်းရာ ဓမ္မ ဇောတိ ဝိပဿနာရိပ်သာ ဥက္ကဋ္ဌ ဦးဥဂ္ဂါနှင့် အတွင်းရေးမှူး ဦးသာဦးတို့ လက်ခံယူစဉ်။ (က–ပ)

၁၉၆၈ ခုနှစ်ဝင် ဥပဒေ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

၁၉၆၈ခု ပညာသင်နှစ် ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှ ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ အဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို နိုဝင်ဘာ ၁၀ရက် (စနေနေ့)နံနက် ၁၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ကျောင်းသူများအနေဖြင့် ခနဲ့ဖြူ–ဦးစိုးမြင့် ဖုန်း–၀၉၅၁၅၀၄၁၈၊ ဦးမောင်မောင်၊ ဦးချစ်လှိုင် ဖုန်း–၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း–၀၉၅၀၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း–၆၁၀၇၂၄၊ ဒေါ်ခင်လှမြင့် ဖုန်း–၀၉၅၂၀၂၉၃၉၊ ဒေါ်ခင်ဆွေရီ ဖုန်း–၃၉၄၂၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၆) အမှတ်(၈) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၄

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၈)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်ရာ အဆိုပါဂျာနယ်တွင် ချစ်စံဝင်း၏ အချိန်တိုအတွင်းဖွံ့ဖြိုးလာသော ကိုရီးယား၊ ခြေဖဝါး၊လက်ဖဝါးဖြင့် ထိပ်တန်းသို့ ရောက်လာသောနိုင်ငံ၊ မော်ကျွန်းစိုးမြင့်၏ ကမ္ဘာကြီးလုံးသလား၊ ပြားသလား၊ ပြန့်သလား၊ ချွန်သလား၊ ဂလိုဘယ်လိုက်ဖေးရှင်းကို ဘယ်လိုနားလည်ခံယူကျင့်သုံးရမလဲ၊ ချစ်နိုင်(စိတ်ပညာ)၏ အောင်မြင်မှုမှ ပိုမို အောင်မြင်ခြင်းသို့၊ စိုးသီဟစိုး၏ စီးပွားရေးနောက်ကျမကျန်နေအောင် ဆက်လက်ကြိုးပမ်းကြစို့၊ ဒေါက်တာ ခင်မောင်ညို၏ လမ်းပြမီးအိမ်ထိန်လင်းစေဖို့၊ သတင်းထောက်တစ်ဦး၏ လောင်စာဆီနှင့် အဖျက်အမှောင့်ပယောဂ၊ မြင့်သူရ၏ စင်ကာပူရှိ စာကြည့်တိုက်များနှင့် စာအုပ်ဆိုင်များ သတင်းဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် မြန်မာ့အိုင်တီစက်မှုလုပ်ငန်း တစ်ခေတ်ဆန်းတော့မည်၊ မြန်မာနိုင်ငံ၏ အာဆီယံအဝေးပြေးလမ်းအပိုင်း ၂၀၀၉ တွင် ပြီးစီးမည်၊ ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ၁၄ မြို့နယ် လူနာပေါင်း ၇၃၃၀၁ ဦး အခမဲ့ ကုသပေး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ထာဝရသွေးလှူရှင် ခြောက်သောင်းကျော်ရှိ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာရေးကူညီမှုအဖွဲ့မှ အခမဲ့ နာရေး ၁၁၇၆ ဦး ဆောင်ရွက်ပေး၊ မြောက်ကိုရီးယားအရေး တိုးတက်မှုရှိလာသည်ဟု အမေရိကန်ယူဆ၊ ချူကလီးယားရောင်းချရေးကိစ္စ ဩစတြေးလျဝန်ကြီးချုပ်ဖြေရှင်း၊ မြောက်ကိုရီးယား ရေဘေးသို့ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းဖိုး အကူအညီ တောင်ကိုရီးယားပေးမည် စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ ဝေဝေဆာဆာ၊ ဓာတ်ပုံများ စုံစုံလင်လင်ဖော်ပြပါရှိပြီး စာမူများပေးပို့လိုပါက ရွှေနိုင်ငံသတင်းဂျာနယ် စာတည်းအဖွဲ့ အမှတ် (၂၂၈)သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရုံးချုပ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ဧည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျီလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Yang Qingcai နှင့် အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် မျိုးကောင်းမျိုးသန့် လဲလှယ်အသုံးပြုရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဆည်ကန်များမှ ရေအား လျှပ်စစ် ထုတ်ယူအသုံးပြုရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက်ရှိ အင်ကြင်းမြိုင်လမ်း ဝဲ၊ယာရေနုတ်မြောင်းများနှင့် ဆက်စပ်လျက်ရှိသော ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အင်ကြင်းမြိုင်လမ်းနှင့် အင်ကြင်းမြိုင်လမ်းသွယ်(၅) လမ်းဆုံ၌ အရှည် ၂၂ ပေ၊ အကျယ် ငါးပေနှင့် အနက် ငါးပေရှိ အင်ကြင်းမြိုင်လမ်းသွယ်(၅) လမ်းဖြတ်မြေအောက်ရေနုတ်မြောင်း (Box Culvert) တည်ဆောက်နေမှု၊ အင်ကြင်းမြိုင်လမ်းဘေး ရေနုတ်မြောင်းကို အကျယ်ငါးပေနှင့် အနက်ငါးပေ တိုးချဲ့တူးဖော်ဖောက်လုပ်၍ အုတ်ရေမြောင်းပြုလုပ်နေမှုနှင့် ရပ်ကွက်အတွင်း အမှိုက်သိမ်းယာဉ်ဖြင့် အိမ်သုံးစွန့်ပစ်အမှိုက်များ လိုက်လံသိမ်းဆည်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်သည် သဃ်န်းကျွန်းမြို့နယ်ရှိ ပေါ်ဆန်းမွှေးလမ်းဘေးတစ်လျှောက် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် တိုးချဲ့တူးဖော်ဖောက်လုပ်ခြင်း၊ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုနှင့် အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်းအနီး ဝေဇယန္တာလမ်းဘေး ရေဆင်း နှာပေါက်များ၊ ရေနုတ်မြောင်းများ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် သစ္စာလမ်းဘေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အကျယ်ငါးပေနှင့် အနက်ငါးပေ တိုးချဲ့တူးဖော်ဖောက်လုပ်ခြင်း၊ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုကိစ္စတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကေတုမာလာလမ်းသွယ်(၂) လမ်းရှိ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် စာသင်ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ စာသင်ဆောင်သစ်သည် အုတ်ညှပ် တစ်ထပ်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ စာသင်ခန်း ငါးခန်းဖြင့် ဖွဲ့စည်းထားရှိသော အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ် (၄)ရပ်ကွက် စာဂလမ်းရှိ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း စာသင်ဆောင် အဆောက်အအုံများနှင့် ကျောင်းတွင်း ပတ်ဝန်းကျင် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ စာသင်ဆောင် အဆောက်အအုံပြုပြင်ရေး၊ ကျောင်းအဝင်လမ်း ကောင်းမွန်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရှိရသည်။

(၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းရှိကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရိုးရာသီးစုံ ဆွမ်းတော်ကြီးတင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရအား အမှူးထား၍ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး စေတနာရှင် အလှူဒါယကာ၊ အလှူဒါယိကာမအပေါင်းတို့က (၂၁)ကြိမ်မြောက် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ရိုးရာသီးစုံဆွမ်းတော်ကြီးတင်ပွဲအခမ်းအနားကို ၁၃၆၉ ခုနှစ် တော်သလင်းလပြည့် (ဗုဒ္ဓဟူးနေ့) စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ ဆွမ်းဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါရထံတွင် လည်းကောင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ထံတွင် လည်းကောင်း၊ ဖုန်း- ၀၉ ၅၁၆၂၀၀၃ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၀၅ ၆။ သင်ပုန်းရေလှောင်တမံ

၈:၁၅ ၇။ တေးဂီတအစီအစဉ်

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ ကြံတောင်သူတွေဝင်ငွေ သုံးဆတိုးဖို့ ဆင်းရွှေလီကြံ စိုက်ကြစို့(အပိုင်း-၃)

၁၂:၂၀ ၆။ **“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်” (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**

၁၂:၄၅ ၇။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ(ပြဇာတ်ပြိုင်ပွဲ ဆွေးနွေးခန်း)(အပိုင်း-၁)

၁:၀၅ ၈။ မှုဟန်သွယ်သွယ်ဆိုကြမယ်

၁:၂၀ ၉။ အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ

၁:၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂:၀၀ ၁၁။ ရထားလမ်းသာပြီနော် ချောက်မှ နေပြည်တော်

၂:၁၅ ၁၂။ လက်ဆင့်ကမ်းပေးဂီတတေး

၂:၃၀ ၁၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ရှာင်ကော်ဖီ)

၂:၄၅ ၁၄။ International News.

၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်

၄:၅၅ ၄။ အလှရှာမယ်၊ လှကမ္ဘာဝယ်

၅:၁၀ ၅။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)

၅:၂၀ ၆။ **၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (မြန်မာ နှင့် ထိုင်း)**

၇:၃၀ ၇။ သက်တံ့ရောင်သံစဉ်

၈:၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ မိုးလေဝသအခြေအနေ

၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စရာ့ပျိုကညာ” (အပိုင်း-၃)**

၁၂။ နောက်တစ်နေ့အစီအစဉ်

၁၃။ အစီအစဉ်ပြီး၏။

● ကျောဖုံးမှ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ (ဗဟို)သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ် မရှိကြောင်း၊ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေပြီး ဒေသဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်မှုမရှိကြောင်း၊ ပါတီခေါင်းဆောင်များ အာဏာမက်မောပြီး ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်မှုများကိုသာ တွေ့မြင်နေရသဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အထက(၂) ပုဇွန်တောင် တတိယအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၄

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အသက် (၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၂) ပုဇွန်တောင် တေဇခန်းမ၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ပါဝင် ကန်တော့နိုင်ရန်အတွက် ကျောင်းသူ၊ ကျောင်းသားဟောင်းများအား ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက ဆရာဦးလှဖေ ဖုန်း- ၆၆၆၄၂၇၊ ဆရာမ ဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၀၉-၅၁-၂၄၃၄၇၊ ဦးအောင်ခင် ဖုန်း-၀၉-၅၀-၀၀၇၅၀၊ ဦးထွန်းဇော် ဖုန်း-၅၇၂၂၈၈၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၅၃၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀-၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀-၀၄၃၇၁၊ ဒေါ်ခင်မမ ဖုန်း-၀၉-၅၁-၂၇၇၁၀၊ ဦးကြည်စိန် ဖုန်း-၀၅၁-၄၀၃၉၉၊ ဒေါ်တင်တင်ဦး ဖုန်း-၂၉၁၅၇၆၊ ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၂၀၈၆ နှင့် ကိုထွန်းလင်း ဖုန်း-၀၉-၈၀-၂၁၅၉၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့်ဇနီး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၄ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပညာရေးဌာနမှဆရာမများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မော်မော်က ဖွင့်ပွဲ အထိမ်းအမှတ်အလံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မိခင် ရင်သွေးရိပ်မြုံ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက် အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး တာဝန်ရှိသူများက မိခင်ရင်သွေးရိပ်မြုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိခင်ရင်သွေး ကျန်းမာရေး ရိပ်မြုံအဆောက်အအုံသစ်ကို မြန်မာ နိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံ ငွေအဖွဲ့မှ မတည်ငွေကျပ်သိန်း ၅၀နှင့် တိုင်းမိခင် နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့မှ ငွေကျပ် ၆၃သိန်း စုစုပေါင်းငွေကျပ် ၁၁၃သိန်းဖြင့် မြို့နယ် အတွင်းကိုယ်ဝန်ဆောင်မိခင်များမွေးဖွား ခြင်းဆိုင်ရာ ပေါ်ပေါက်လာပါက အချိန်မီ အရည်အသွေးပြည့် ကျန်းမာ ရေး စောင့်ရှောက်မှုရရှိစေရန် ကန်ကြီး ထောင့်မြို့နယ် ဆေးရုံရှေ့၌ ဖွင့်လှစ်ခဲ့ ခြင်းဖြစ်ကာ မိသားစုနှစ်စု တည်းခို နိုင်ရန် စီစဉ်ထားရှိသော ရေ၊ မီးအစုံ နှင့် သန့်စင်ခန်း၊ မီးဖိုခန်း အပါအဝင် နေထိုင်ရေး အဆင်ပြေ စေရန် ဆောက် လုပ်ထားသည့် အဆောက်အအုံတစ်ခု ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖွင့်လှစ်

ဧရာဝတီတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့ ကန်ကြီးထောင့် မြို့နယ် မိခင်ရင်သွေး ကျန်းမာရေး ရိပ်မြုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်းနေ ဦးစိုး-ဒေါ်ဂင်စီနှင့် သမီးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယသည် တော်သလင်းလဆန်း ၃ ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မြကျွန်းသာရွာ ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်ကြသော မယ်တော်ကြီး ဒေါ်အေးကြည်အမှူး ထား၍ ဦးခင်မောင်မြင့်-ဒေါ်သန်းသန်းမြင့် မိသားစုတို့၏ ဘုရားအနေကဇာတင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၌ လည်းကောင်း၊ တော်သလင်းလဆန်း ၄ ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကတုက္ကမရွာ ဦးကျော်ရင် သမီး မအေရီလေး မိသားစုတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၌ လည်းကောင်း၊ လပြည့်ကျော် ၂ ရက်နှင့် ၃ ရက်ညများတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကွယ်လွယ်ရွာ ဘုရားကြီးကုန်းကျောင်း ဘုရားပွဲ၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့် သင်တန်းဖွင့်ပွဲတွင် အမှာ စကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)သင်တန်းဖွင့်ပွဲ တက်ရောက်မှာကြား

ရန်ကုန် စက်တင်ဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်း ကျောင်း(သုဝဏ္ဏ)သင်တန်းခန်းမဆောင်၌ ကျင်းပရာဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီး ဌာနအောက်ရှိဦးစီးဌာန၊လုပ်ငန်းများ မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟို သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆရာများနှင့် သင်တန်းသား စုစုပေါင်း ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၁၂ ရက်အထိဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၁၅	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၂၅	၅။ ကျန်းမာသုတ
၁၂:၃၀	၆။ **ရုပ်မြင်သံကြားဇာတ်လမ်း - အဝါရောင်ဖီးနပ်စ် လူမင်း၊ ထက်ထက်မိုးဦး ဒါရိုက်တာ-သားကြီး**
၁:၅၀	၇။ အမျိုးသားရေးတေးကဗျာ
၁:၅၅	၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅	၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။ နိုင်ငံတကာသတင်း
၆:၃၀	၈။ အမျိုးသားရေးတေးကဗျာ
၆:၄၀	၉။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၂၁)**
၈:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။ မိုးလေဝသသတင်း
	၁၄။ အမျိုးသားရေးတေးကဗျာ
	၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။ **(၄၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် သုံးနာရီသုံးဆယ့်ငါးမိနစ် သရုပ်ဆောင်-သူထူးစံ၊ ပပဝင်းခင် ဒါရိုက်တာ- ရဲဝန်ထမ်းဟောင်းတစ်ဦး၊ ချောချစ်စံ**
	၁၇။ သင့်အတွက်မနက်ဖြန်
	၁၈။ အပိတ်နှုတ်ဆက်စကား
	၁၉။ ပြီးပါပြီ။

ရန်ကုန်မြို့နေ ဦးဝင်းလွင်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာ ပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်ရေးစီမံကိန်းတွင် စက်ရုံ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဒုတိယဝန်ကြီး ဦးဖေသန်း ရထားလမ်းတံတားကြံ့ခိုင်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ လိုက်ပါလျက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် သံလွင်တံတား မော်လမြိုင် ချဉ်းကပ်ရထားလမ်းမြေသားတာပေါင် ကြံ့ခိုင်မှုနှင့် ရထားလမ်းတံတား ကြံ့ခိုင်မှုအခြေအနေများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမရပ်စခန်းဘူတာအဆောက်အအုံနှင့် ရထားစီး ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှု အခြေအနေတို့ကို စစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဌေးလှိုင်က စက်ရုံအဆောက်အအုံ အကွက်ချပုံစံအခြေအနေ၊ စက်ရုံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာ့မီးရထားအတွက် အထူးလိုအပ်လျက်ရှိသော ကွန်ကရစ်ဇလီဖားများ အမြန်ထုတ်ယူနိုင်ရေးအတွက် ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်ရေး စီမံကိန်းကို စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် မြန်မာ့မီးရထား တာဝန်ရှိသူများ လိုက်ပါလျက် ပေါင်မြို့နယ်အတွင်းရှိ မြန်မာ့မီးရထားပိုင် ဘန့်ဘွေးကုန်းကျောက်မိုင်းသို့ သွားရောက်၍ မြန်မာ့မီးရထား စီမံကိန်းလုပ်ငန်းများအတွက် လမ်းခင်းကျောက်များ ထုတ်လုပ်၊ စုဆောင်း၊ ဖြန့်ဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇင်းကျိုက်ဘူတာသို့ ရောက်ရှိပြီး ဘူတာယာဒ်ဝင်းအတွင်း လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု၊ တွဲတင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် အရွယ်အစားမှန် လမ်းခင်းကျောက်များ ကြိတ်ခွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်တင်ဘာ ၁၁ရက်တွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် RBE အထူးအမြန်ရထားဖြင့် ဆတ်သွားကုန်းဘူတာမှ ဒိုက်ဦး ဘူတာအထိ စစ်တောင်း(မြစ်ကျိုး)-ဒိုက်ဦး ရထားလမ်းကို သွားရောက်ကြည့်ရှု စစ်ဆေး၍ ရထားလမ်းတာပေါင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျီလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Qingcai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး သစ်အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်ရောင်းဝယ်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံရေးနှင့် သစ်တောပညာဆိုင်ရာ နည်းပညာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၄

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄) အမှတ်(၁၉)တွင် သဘော်သား အသက်အာမခံအတွက် သိန်းတစ်ထောင် လျော်ကြေးပေးအပ်၊ မြန်မာနိုင်ငံမှရေထွက်ပစ္စည်းများ ရုရှားနိုင်ငံမှဝယ်ယူမည်၊မြိတ်နယ်စပ်မှ ဇူလိုင်တွင် ကုန်သွယ်မှု ပိုမိုတိုးမြင့်လာ၊ တစ်ပတ်အတွင်း ပဲတန်ချိန်တစ်သောင်းကျော်တင်ပို့နိုင်၊ နေပြည်တော်ရှိ မြို့နယ်အချို့တွင် ဆန်ကုန်သည်များအသင်းမှ ဆန်များရောင်းချနေ၊ ရန်ကုန်-နေပြည်တော်ခရီးစဉ်ယာဉ်လိုင်း တိမ်းမှောက်၍ ခရီးသွားအာမခံထားသူများ နစ်နာကြေးရ၊ ကချင်ပြည်နယ်အတွင်းရှိ ပလပ်မြေများတွင် ယုဇနကုမ္ပဏီမှ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်မည်၊ ပင်လယ်ရေမျက်နှာပြင်တိုင်းကိရိယာ ဥတိုချောင်းတံတားတွင် ပထမဆုံးတပ်ဆင်မည်၊ မီးလောင်မှုဖြစ်ပွားပါက ၁၉၉ သာမက ၂၅၂၀၁၁ သို့ဆက်သွယ်နိုင်၊ FMI မှ စိုက်ပျိုးမြေဧက ၁၀၀၀၀၀ အနက် ၃၅၀၀၀ ကျော် ဖော်ထုတ်ပြီးစသည့် သတင်းများအပြင် စိုးဝင်း(ချောက်)၏ ဒါမှငါ့သားကွ ဆောင်းပါး၊ ကျေးလက်နေပြည်သူများအတွက် မိုးကြိုး၏ ရေကိုလိုသည့်လူတိုင်းအတွက် ခြေနင်းရေတင်စက်၊ မြတ်ခိုင်၏ စာဖတ်သူနှင့်စာတတ်သူ၊ မြန်မာ-တရုတ် သတင်းမီဒီယာပန်းတံတားခင်းနိုင်ခဲ့ပြီ၊ မောင်မြား၏ နိုင်ငံတကာရေးရာသတင်းများ၊ မြို့ပေါ်ကျေးလက်ပွဲချစ်သူတို့အတွက် ကြိုးစားလို့ရှေ့ဆက်နေတဲ့ မိုးမင်း၊ ခေတ်နဲ့အမီ အပြိုင်လုပ်နိုင်ဖို့ အရေးကြီးပါတယ်ဆိုတဲ့ ဝိုင်းစုခိုင်သိန်း၏ လက်ရှိအနုပညာလှုပ်ရှားမှုများနှင့် လူတိုင်းပြုံးပျော်စေဖို့ သဘောတွေ့မယ့် အသောအထေ့ဟာသများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ဝေဝေဆာဆာ ထုတ်ဝေလိုက်သည်။

စာမူများပေးပို့လိုလျှင် စာတည်းမှူးချုပ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၈၂၀၇၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၈) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၄

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၈)အား စက်တင်ဘာ ၁၅ရက် ယနေ့ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေဆီလွှာရေရှည်တည်တံ့စေဖို့ ပြုပြင်ထိန်းသိမ်းကြပါစို့၊ ပြောင်းဖူးအထွက်တိုးစေမည့် နည်းလမ်းများ၊ ဘာပင်စိုက်စိုက် ဆီထွက်ပါတယ်၊ ဂျုံသီးနှံအထွက်တိုးစေဖို့၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ မပုပ်မသိုးအောင် သိုလှောင်နည်း စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဒေသကြက်မွေးမြူရေး၊ ဝင်ငွေတိုးရေး ဘဲတစ်နိုင်မွေး၊ ကျွဲနွားကျပ်ဖုရောဂါ စသည့် မွေးမြူရေးဆောင်းပါးများ၊ ကြောင်ပန်းကလေးရဲ့ ဆေးဖက်ဝင်အသုံး၊ ဩဇာပင်ဆေးအာနိသင်၊ ကိုယ်ခန္ဓာနုပျိုစေမည့် ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်ပါ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ပျော်ရွှင်စရာ အိုးပုတ်ပွဲတော်၊ ဖတ်ချင်တာလေး ရေးချင်တာရေး၊ ချည်မျှင်ထုတ်လုပ်ရာ မင်းရွာစံပြကျေးရွာ၊ အရုပ်ထဲမှာ ရှင်းအောင်နေ စသည့် အသိပညာပေးဆောင်းပါးများနှင့် ဘေ၊ လုပ်ရတော့ ညာလက် ရွှေဝတ်ရတော့ ဘယ်လက် စသည့်ဝတ္ထုတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့်၊ သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတင်းစဉ်)

ကျောက်မဲခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ကျောက်မဲ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် ည ၇နာရီတွင် မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

အဆိုပါဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ခရိုင်အတွင်းရှိ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ မဘိမ်း၊ နမ့်ဆန်မြို့နယ်များမှ ပြိုင်ပွဲဝင် ၅၂ ဦး တက်ရောက်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၂၉ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ဉာဏ်စမ်းပဟေဠိပြိုင်

ရန်ကုန် စက်တင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(စီ)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပထမဆုကို အမက(၄) ကမာရွတ်မှ မောင်ဥက္ကာပိုင်၊ ဒုတိယဆုကို အမက(၁) ဗဟန်းမှ မောင်ဇော်ဝေယံထက်၊ တတိယဆုကို အမက(၆) ကြည့်မြင်တိုင်မှ မဆန်းနန္ဒာအေးနှင့် နှစ်သိမ့်ဆုကို အမက(၄၈) မြောက်ဥက္ကလာပမှ မသက်ထက်စံတို့က ရရှိကြသည်။ (သတင်းစဉ်)

သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် နှစ်ဦး သေဆုံး၊ ငါးဦး ပျောက်ဆုံးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၌ စက်တင်ဘာ ၁၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် နှစ်ဦး သေဆုံးပြီး ငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေများ ချောင်းကြီးချောင်းအတွင်း ဝင်ရောက်ပြီး ရုတ်တရက်ရေမြင့်တက်လာမှုကြောင့် နံနက် ၂ နာရီခန့်တွင် ချောင်း၏မြောက်ဘက်ကမ်း မြေနိမ့်ပိုင်းရှိ လူနေတဲအိမ် ၄၁လုံး ရေထဲမျောပါသွားခဲ့ကြောင်း၊ ယင်းနေရာတွင်နေထိုင်သည့် အိမ်ထောင်စု ၄၁စုအနက် ကျား လေးဦး၊ မ သုံးဦး၊ ရေထဲမျောပါသွားခဲ့ပြီး ကျားနှစ်ဦး၏အလောင်းများကို နံနက် ၁၁နာရီခန့်တွင် အဆိုပါနေရာအနီး၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူ ငါးဦးမှာ မောင်ရဲလင်း(၂၅နှစ်)၊ မောင်ရဲဝင်း(၂၁နှစ်)၊ ဒေါ်နွယ်(၄၂)နှစ်၊ မမိုးမိုးဇော်(၄)နှစ်နှင့် မမိုးမြင့်စန္ဒာမော်(၇)လတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါချောင်းကြီးကျေးရွာသို့ သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ စက်တင်ဘာ ၁၃ရက် ညနေပိုင်းတွင် တောင်ကျချောင်းရေ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

အင်တာနက် စွမ်းအင်နည်းပညာသတင်း

ဇီဝလောင်စာ တစ်ခေတ်ဆန်းလာ၍ ဆီအုန်းတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းလာ

ဂျကာတာ စက်တင်ဘာ ၁၃

ဇီဝလောင်စာတစ်ခေတ်ဆန်းလာသဖြင့် ဆီအုန်းကိုစားသုံးရန်နှင့် စက်မှုကုန်ကြမ်းအဖြစ်သာမက လောင်စာအဖြစ်ပါ အဝယ်လိုက်လာသည်။ သို့ဖြစ်၍ ဆီအုန်းဈေးနှုန်းမှာလည်း ကမ္ဘာ့ဈေးကွက် မြင့်တက်လာရာ အရှေ့တောင်အာရှနိုင်ငံများသည် ဆီအုန်းစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်ရန် ကြိုးပမ်းလာကြသည်။

ဆီအုန်းစိုက်ပျိုးမြေတိုးချဲ့၍ ဇီဝလောင်စာဈေးကွက်တွင်တိုးတက်ရောင်းချသည့်တိုင်အောင် ကမ္ဘာ့ဆီအုန်း ဝယ်လိုအားကို ဖြည့်ဆည်းနိုင်မည်မဟုတ်ဟု ဆိုသည်။

အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၅ခုနှစ်အရောက်တွင် စွမ်းအင် ၁၇ရာခိုင်နှုန်းကို ဇီဝလောင်စာမှရယူသွားရန် ရည်မှန်းထားသည်။ ထို့ကြောင့်၂၀၁၀ပြည့်နှစ်၌ ဇီဝလောင်စာ ထုတ်လုပ်ရေးစိုက်ခင်းများ ပျိုးထောင်လုပ်ကိုင်သွားရန် မြေဧက ၁၃ ဒသမ ၅သန်းကို သတ်မှတ်ထားမည်ဖြစ်သည်ဟု စွမ်းအင်ဝန်ကြီး၏ လက်ထောက် အီဗစ်တာဟာရာဝပ်တီက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်ရန် ကုမ္ပဏီပေါင်း ၅၈ခုဖြင့် ၁၂ ဒသမ ၄ဘီလီယံ တန်ဖိုးရှိ စာချုပ်များကို ချုပ်ဆိုထားပြီးဖြစ်သည်။ ထိုကုမ္ပဏီများတွင် မလေးရှားကုမ္ပဏီများလည်း ပါဝင်သည်။ မလေးရှားကုမ္ပဏီများသည် ကမ္ဘာ့ဈေးကွက်တွင် ဆီအုန်းအများဆုံးစိုက်ပျိုးထုတ်လုပ်သော ကုမ္ပဏီများဖြစ်သည်။

မလေးရှား

မလေးရှားနိုင်ငံတွင် စိုက်ပျိုးမြေအကန့်အသတ်နှင့် သာရှိသဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ လာရောက်လုပ်ကိုင်ရန် စီစဉ်ကြခြင်းဖြစ်သည်။ မလေးရှားနိုင်ငံသာမက ထိုင်းနိုင်ငံသည်လည်း ဈေးကောင်းရနေသည့် ဆီအုန်းလုပ်ငန်းအတွင်း ဝင်ရောက်လုပ်ကိုင်လာသည်။

ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံသည်လည်း ဆီအုန်းစိုက်ပျိုးမြေကို တိုးချဲ့လျက်ရှိသည်။ လက်ရှိဆီအုန်းစိုက်ပျိုးမြေ ဟက်တာ ၂၅၀၀၀ရှိရာမှ စိုက်ပျိုးမြေကို ဟက်တာ ၄၅၄၀၀၀အထိ တိုးလာအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

အင်တာနက်။

အင်တာနက် အားကစားသတင်း

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

ချန်ဒူး စက်တင်ဘာ ၁၄

ဖီဖာ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)တွင်ပါဝင်သည့် အမေရိကန်အသင်းနှင့် ဆွီဒင်အသင်းတို့ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချန်ဒူးမြို့တွင် ယနေ့ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ဆွီဒင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အမေရိကန်အသင်းအတွက် အက်ဘေးဝမ်ချက်တစ်ဦးတည်းက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။

အမေရိကန်အသင်းသည် နှစ်ပွဲကစားခဲ့ရာတွင် နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ မိမိ၏အသင်းမှ ဘောလုံးသမားများအတွက် ဂုဏ်ယူမဆုံးဖြစ်ရကြောင်း အမေရိကန်အသင်းနည်းပြဂရက် ရှိုင်ယန်က ဘောလုံးပွဲအပြီးကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဂျပန်-အာဂျင်တီးနား

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အုပ်စု(က)မှ ဂျပန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားကြရာ ဂျပန်အသင်းက အာဂျင်တီးနားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယခုပွဲတွင် ဂျပန်အသင်းက အသာစီးဖြင့်ကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းမှု မသေချာခဲ့ပေ။

ဂျပန်အသင်းမှ ယူကီနာဂါဆာတိုသည် ပွဲချိန်မိနစ် ၉၀၌ ဂိုးသွင်းနိုင်သည်။

အင်တာနက်

စက်တင်ဘာ ၁၄ရက်ကတရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဂျပန်အသင်းမှ ယူကီနာ ဂါ ဆာ တို (ယာ) **ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၂ရက်က လစ္စဘွန်းမြို့တွင်ကျင်းပသော ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် ပေါ်တူဂီနှင့် ဆာဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ဆာဘီးယားဘောလုံးသမား ဒရာဂူတီနိုဗစ်နှင့် ပေါ်တူဂီနည်းပြ စကော်လာရီတို့ အငြင်းပွားနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနည်းပြ စကော်လာရီအား ယူအီးအက်ဖ်အေ စုံစမ်းစစ်ဆေး

လစ္စဘွန်း စက်တင်ဘာ ၁၄

ပေါ်တူဂီအသင်းမှ ဘရာဇီးနည်းပြ စကော်လာရီသည် ဆာဘီးယားအသင်းမှ ဘောလုံးသမား အီဗီကာဒရာဂူတီနိုဗစ်အား လက်ရောက်စော်ကားခဲ့သည်ဆိုသော စွပ်စွဲချက်တစ်ရပ်နှင့်ပတ်သက်၍ ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့က ကျင်းပသော ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ အုပ်စု(က)ခြေစစ်ပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် ဆာဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲအပြီးတွင် အချင်းများခဲ့ရာမှ စကော်လာရီက ဒရာဂူတီနိုဗစ်အား လက်သီးဖြင့် ထိုးကြိတ်ခဲ့သည်ဟု သတင်းစာများတွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ **အင်တာနက်**

တိုက်စစ်မှူး ဝိန်းရူနီ လေ့ကျင့်ရေးကွင်းသို့ပြန်ရောက်လာ

လန်ဒန် စက်တင်ဘာ ၁၄

ဝိန်းရူနီသည် မန်ချက်စတာယူနိုက်တက်အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဝိန်းရူနီသည် ယခုအခါ ကောင်းစွာလေ့ကျင့်ကစားနိုင်ပြီဖြစ်ကြောင်း၊ ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ ပွဲကစားရန် သင့်မသင့် ဆုံးဖြတ်ရဦးမည်ဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက် အသင်းနည်းပြ ဆာအဲလက်စ် ဖာဂူဆန်က ပြောကြားသည်။ **အင်တာနက်**

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

ကတ္တရာကျိုသည့်လုပ်ငန်း ရွှေ့ပြောင်းပေးစေလို

စာတည်းရှင့်-

လှိုင်သာယာမြို့နယ် (၁၀)ရပ်ကွက် မကွေးလမ်းနှင့် မျက်နှာချင်းဆိုင်ရှိ ရန်ကုန်-ညောင်တုန်း လမ်းမကြီးဘေး သမကုန်းမှတ်တိုင်အနီးတွင် ကတ္တရာကျိုသောလုပ်ငန်းရှိရာ ကတ္တရာကျိုရာမှ ထွက်ပေါ်လာသည့် အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်း နေထိုင်ကြသူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကတ္တရာကျိုနေသော လုပ်ငန်းအား လူနေရပ်ကွက်နှင့် လွတ်ကင်းရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူများ

သံပြားထုရိုက်သံ ဆူညံမှုရှင်းလင်းပြီး

၁၆-၆-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်ဘီမြို့မှ **သံသေတ္တာ၊ သံပုံးထုရိုက်သံ ပတ်ဝန်းကျင် နားမခံသာ**ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှားပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

အနံ့ဆိုးများဖယ်ရှားရှင်းလင်းပြီး

၇-၁၀-၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဓနသိဒ္ဓိလမ်းမှ **အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှားဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပြီးစီး

၁၈-၁၁-၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုဝဏ္ဏ ကမာကြည်အိမ်ရာ **ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ကော်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင့်-

ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၃) ပိတောက်လမ်း သန်လျင်တံတား ဝန်ထမ်း အိမ်ရာဝင်းအတွင်းရှိ နေအိမ်တစ်အိမ်တွင် ကော်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ကော်စက်သံများ ဆူညံခြင်းနှင့် ကော်ညှော်နံ့များ နံခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကော်ညှော်နံ့မခံနိုင်သူ

အသားတိုးကြက်ခြံ အနံ့ဆိုးနံ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ပဲခူးမြို့ ဥဿာမြို့သစ်(၈) ရပ်ကွက် နယ်မြေ(၇) အုန်းခြံလမ်းသစ် အတွင်း စီးပွားဖြစ်မွေးမြူ နေသော ကြက်ခြံတစ်ခြံမှ အနံ့ဆိုးများကို နေ့စဉ် ရှူရှိုက်နေရသည့်အတွက် ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကြက်ခြံအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကြက်ချေးနံ့မခံနိုင်သူ

ဘော်ဆိုင်းသွားလမ်းပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့နယ်နှင့် ဘော်ဆိုင်းဒေသတို့ ဆက်သွယ်ထားသော သမိုင်းဝင် ဘော်ဆိုင်းသွားလမ်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှပါသည်။ ယခုအခါ အဆိုပါလမ်းမှာ ပျက်စီးနေပါသဖြင့် အချိန်မီ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

မြိတ်မြို့ နောက်လယ် ဈေးအိမ်သာဆောက်ပေးစေချင်

စာတည်းရှင့်-

မြိတ်မြို့ နောက်လယ်ဈေးတွင် အိမ်သာမရှိသည်မှာကြာပြီ ဖြစ်ပါသည်။ သတ်မှတ်အခွန်အခများကို ပုံမှန်ပေးဆောင်ကြရသော်လည်း ဈေးသူ၊ ဈေးသားများ အိမ်သာမရှိသဖြင့် အခက်အခဲကြုံကြရပါသည်။

သို့ဖြစ်ပါ၍ မြိတ်မြို့ နောက်လယ်ဈေးတွင် အိမ်သာဆောက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ဈေးသားများ

ပန်းခြံနှင့်နာရီစင်ပြုပြင်စေချင်

စာတည်းခင်ဗျား-

ပဲခူးမြို့လယ် နာရီစင်ကြီးတွင် နာရီကြီး လေးလုံးရှိသည့်အနက် နာရီတစ်လုံးသာကောင်းပြီး ကျန်နာရီကြီးများ ပျက်နေပါသည်။ ပန်းခြံကြီးမှာလည်း ပြုပြင်ခြင်းမရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေပါသည်။

သို့ဖြစ်ပါ၍ နာရီကြီးများနှင့် ပန်းခြံအား မြို့အင်္ဂါရပ်နှင့်အညီ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ် ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာ တိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

မီးတားမြေပေါ်မှ ကျူးကျော်ဆိုင် ရှင်းလင်းပေးပါ

စာတည်းရှင့်-

ဘိုကလေးမြို့(၃)ရပ်ကွက် ဗိုလ်တေဇလမ်းရှိ အိမ်တစ်အိမ်သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ဗိုလ်တေဇလမ်းမကြီးတို့ကို ဆက်သွယ်ထားသော ကြားလမ်းမြေ (မီးတားမြေ)အား အုတ်ခင်း၊ အမိုးမိုး၍ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ထားပြီး ညစဉ်ဘောလုံးပွဲပြသခြင်း၊ ဆူညံခြင်း၊ စားကြွင်းစားကျန်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ မီးတားမြေပေါ်မှ ကျူးကျော် လက်ဖက်ရည်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဘိုကလေးသူ

သံကွင်း၊ သံဖြတ် သံဖရိန်ပြုလုပ်သံဆူညံ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁၉)ရပ်ကွက် မာလာမြိုင်လမ်းရှိ အိမ်တစ်အိမ်တွင် သံကွင်း၊ သံဖြတ်၊ သံဖရိန်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ နေအိမ်များတွင် လျှပ်စစ်ဓာတ်အား အတက်အကျဖြစ်ပေါ်နေခြင်း၊ စက်သံများ ဆူညံခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

ပုသိမ်မြို့ အမှတ် (၁) ဂျီအီးစီလမ်းနေ ဆရာဦးကိုရဲနှင့် REC (တော်ဝင်) ပညာရေး မိသားစု ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စက်တင်ဘာ ၅ရက်တွင် ပုသိမ်မြို့ ပေါ်ရှိ ရဟန်း၊ သံဃာ၊ ရှင်သာမဏေအပါး ၂၈၀၀ ကျော်တို့အား ရွှေမုဋ္ဌောဘုရားအရှေ့ဘက် ဒေါ်လှယဉ် ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်း၌ အရဏ်ဆွမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (၂/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါနှင့်ပတ်သက်၍ ကြေညာချက်

ဤသတင်းစာမှ(၃၀-၈-၂၀၀၇)၊ (၃၁-၈-၂၀၀၇)နှင့် (၁-၉-၂၀၀၇) နေ့များတွင် ကြေညာခဲ့သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မော်တော်ယာဉ်/စက်ယန္တရားအဟောင်းများ ချိပ်ပိတ်တင်ဒါဖြင့်ရောင်းချမည်ဖြစ်သည့် (၂/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် (၁၈-၉-၂၀၀၇)နေ့အား ခေတ္တရွှေ့ဆိုင်းပါကြောင်းနှင့် ဖွင့်လှစ်မည့်နေ့ကို ကြိုတင်၍ ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ယာဉ်/ယန္တရားဟောင်းများ ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဟသ်ာတတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဟသ်ာတတက္ကသိုလ်မှ ၂၀၀၇-ခုနှစ်အတွင်း အောက်ဖော်ပြပါ(ဘွဲ့)စာမေးပွဲ များကို အောင်မြင်ခဲ့ကြသူများအတွက် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဟသ်ာတတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်(၂၂-၁၂-၂၀၀၇)ရက် စနေနေ့(ပထမနေ့)

နံနက်ပိုင်းအစီအစဉ် နံနက်(၉:၀၀)နာရီ

မဟာဘွဲ့	(၁၉၉၇-အောင်)	(ဓာတု၊ရူပ၊သင်္ချာ၊သတ္တ)
ဂုဏ်ထူးတန်းဘွဲ့	(၂၀၀၂-အောင်)	(အင်္ဂလိပ်စာ၊သမိုင်း၊ဒဿနိက၊ဓာတု၊ရူပ၊ သင်္ချာ၊သတ္တ၊ဘူမိ)
ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့	(၂၀၀၃-အောင်)	(မြန်မာစာ၊အင်္ဂလိပ်စာ၊သမိုင်း၊ဓာတု)

မွန်းလွဲပိုင်း အစီအစဉ် မွန်းလွဲ (၂:၀၀)နာရီ

မဟာဘွဲ့	(၁၉၉၆၊၉၇၊၉၈ အောင်)	(မြန်မာစာ၊ပထဝီဝင်၊သမိုင်း၊ဓာတု၊ရူပ၊သင်္ချာ၊ သတ္တ၊ရုက္ခ)
ဝိဇ္ဇာ/သိပ္ပံရိုးရိုးဘွဲ့	(၂၀၀၃-အောင်)	(ပထဝီဝင်၊ဒဿနိက၊အရှေ့တိုင်း၊ရူပ၊ သင်္ချာ)

အစမ်းလေ့ကျင့်ရက်

(၂၁-၁၂-၂၀၀၇)ရက် နံနက် ၉:၀၀နာရီတွင် (၂၂-၁၂-၂၀၀၇)ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း အစီအစဉ်များအတွက် အစမ်းလေ့ကျင့်ခြင်းကိုပေါင်း၍ တစ်ပြိုင်တည်းကျင်းပမည်။

(ခ)ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် (၂၃-၁၂-၂၀၀၇)ရက် တနင်္ဂနွေနေ့(ဒုတိယ နေ့)

နံနက်ပိုင်းအစီအစဉ် နံနက် (၉:၀၀)နာရီ

မဟာဘွဲ့	(၁၉၉၉-အောင်)	(သမိုင်း၊ဓာတု၊ရူပ၊သင်္ချာ၊သတ္တ)
ဝိဇ္ဇာ/သိပ္ပံ ရိုးရိုးဘွဲ့	(၂၀၀၃-အောင်)	(သတ္တ၊ရုက္ခ၊ဘူမိ)

အစမ်းလေ့ကျင့်ရက်

(၂၁-၁၂-၂၀၀၇)ရက် မွန်းလွဲ ၂:၀၀နာရီတွင် (၂၃-၁၂-၂၀၀၇)ရက် နံနက်ပိုင်း အစီအစဉ်အတွက် အစမ်းလေ့ကျင့်ခြင်းကို ကျင်းပမည်။

၂။ ဘွဲ့အသီးသီးသို့ တက်ရာက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊တိုင်းရင်းသားဝတ်စုံ၊အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၁၇-၁၂-၂၀၀၇)ရက် နံနက် ၉:၀၀ နာရီအချိန်မှ စတင်၍ ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၄။(က) ဘွဲ့ရကျောင်းသား၊ကျောင်းသူများသည် ဟသ်ာတတက္ကသိုလ်၏ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် (သို့) အဝေးရောက်ဘွဲ့ယူရန်အတွက်(၂၀၀၇) ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

(ခ) ဟသ်ာတတက္ကသိုလ် ပဉ္စမအကြိမ်ဘွဲ့နှင်းသဘင်သို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ တက်ရောက်ခွင့် လျှောက်ထားနိုင်ပါသည်။

၁။ (၂၀၀၅-၂၀၀၆)ပညာသင်နှစ် ဟသ်ာတတက္ကသိုလ်၏ ၂၀၀၆-ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (၂၀၀၃-အောင်)ဝိဇ္ဇာ၊သိပ္ပံရိုးရိုးဘွဲ့ (နောက်ဆက်တွဲစာမေးပွဲ အပါအဝင်)အောင်မြင်ပြီးသူများ၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (၂၀၀၂-အောင်) ဝိဇ္ဇာ၊သိပ္ပံ ဂုဏ်ထူးဘွဲ့ အောင်မြင်ပြီးသူများနှင့် ဒုတိယနှစ်မဟာတန်း (၁၉၉၇-အောင်)မဟာဝိဇ္ဇာ၊မဟာသိပ္ပံဘွဲ့ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်) အောင်မြင်ပြီးသူများ

၂။ (၂၀၀၆-၂၀၀၇)ပညာသင်နှစ် ဟသ်ာတတက္ကသိုလ်၏ ၂၀၀၇-ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဒုတိယနှစ်မဟာတန်း (၁၉၉၆/၉၇/၉၈-အောင်)မဟာဝိဇ္ဇာ၊မဟာ သိပ္ပံဘွဲ့ (နောက်ဆက်တွဲ စာမေးပွဲအပါအဝင်)အောင်မြင်ပြီးသူများနှင့် ၂၀၀၇ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော ဒုတိယနှစ် မဟာတန်း (၁၉၉၉-အောင်)မဟာဝိဇ္ဇာ၊မဟာသိပ္ပံဘွဲ့ (နောက်ဆက်တွဲ စာမေးပွဲအပါအဝင်)အောင်မြင်ပြီးသူများ

၅။ လျှောက်ထားသူများသည် ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော(၂လက်မ X၁ ½ လက်မ) အရွယ်ဓာတ်ပုံ (၂)ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။(နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ယူဆောင်လာရန်နှင့် မိတ္တူပါယူဆောင်လာရန်)

၆။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ဟသ်ာတတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၇။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးကို "ပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ်"သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ပေးပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး"ဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊စာမေးပွဲခုံအမှတ်၊အထူးပြုဘာသာ၊အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာ ဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး (၁၅၀၀)ကျပ်တိတိနှင့် အဝေးရောက် ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀/-) ကျပ်တိတိပေးသွင်းရမည်။

၉။ ဘွဲ့တက်ရောက်မည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့ လက်မှတ်များထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့ယူရန်လျှောက်ထားခြင်း မရှိခဲ့သူများသည် ယခု ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်းနံပါတ် ၀၄၄-၂၁၁၃၆၊၀၄၄-၂၁၅၄၄-၂၁၅၄၉ လိုင်းခွဲ-၂၁၄၊၂၄၂တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

သန်းထွဋ်
ဌာနမှူး၊သင်တန်းရေးရာ
ဟသ်ာတတက္ကသိုလ်

တီဗွီ - 1

ကားမောင်းစက်ပြင်သင်တန်း

မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ ကွယ်လွန်သူ ဦးလှတင်-ဒေါ်သွေတို့အား ရည်စူး၍ မေတ္တာရှင်ဆရာလေးနှင့် ခုနစ်ရက်သားသမီးများက လှိုင်မြို့နယ် မေတ္တာဝါဒီဟသ်ာတ (ပရဟိတ) ကျောင်းတိုက်ရှိ ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ် ကျောင်းနံရံတစ်ခန်းအတွက် ကျပ်သုံးသိန်းနှင့် ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ ဆွမ်းဆန်တော် သုံးအိတ်တို့အပြင် ရဟန်း၊ သာမဏေ၊ ကျောင်းသားများအတွက် အလှူငွေကျပ် ၈၂၀၀၀ တို့ကို ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ ဩဂုတ်၂၀ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးဘွဲ့ရကျောင်းတိုက် သံဃာဆောင် ပန္နက်တင်မင်္ဂလာကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်း တိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော်အရှင်အာစာရာလင်္ကာရ တည်ထောင်သော ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်(၉) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးဘေးရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်အတွင်း၌ သံဃာဆောင်အမှတ်(၂) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်အရှင်အာစာရာ လင်္ကာရထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပန္နက်တင်ပေး

ထို့နောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကိုကျင်းပရာသံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ"အစရှိသော ဂါထာနှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဆို၍ပရိတ်သဲ၊ ပရိတ်ချည်များပက်ဖျန်းချည်နှောင်ပေးပြီး သတ်မှတ်ထားသောနေရာများ၌ ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ သံဃာဆောင် အမှတ်(၂)သည် အလျားပေ ၄၀၊ အနံပေ ၅၀ RC ကွန်ကရစ် နှစ်ထပ်တိုက်ဖြစ်ကာ ငွေကျပ်သိန်းခြောက်ရာကျော် ကုန်ကျမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် (၄၂)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဖုန်း- ၀၉-၂၁-၃၀၈၉၅ နှင့် ၇၀၈၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကျောင်းကြီးစုရပ်ကွက် ကျောက်တစ်လုံးလမ်းဘေးဝဲ/ယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက်အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းတူးဖော်နေမှုကို ဩဂုတ် ၁၉ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် စက်တင်ဘာ ၁၄

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာ ဗုဒ္ဓပွင့်တော်မူရာ သံဝေဇနိယလေးဌာန ၊ သတ္တာခုနစ်ဌာနဖြစ်ပေါ်ရာ ဗောဓိပင်နှင့် ရွှေပလ္လင်အနီး မဟာအောင်မြေဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုန္ဒရနှင့် ဝါဆိုသံဃာ၊ သာမဏေများအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါတွင်းကာလအတွင်းကျင်းပမည်ဖြစ်ရာ လိုက်ပါလှူဒါန်းလိုသူများနှင့် သင်္ကန်းပရိက္ခရာများ လှူဒါန်းလိုသူများသည် ဒေါ်မြစန္ဒာအောင် ဖုန်း- ၅၁၀၄၉၁၊ ၀၉-၅၁၀၄၈၅၉ အမှတ်(၁၀)၊ မြေညီထပ် မင်္ဂလာလမ်း စမ်းချောင်းသို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်း အောင်သပြေလမ်းနေ ကွယ်လွန်သူ ဦးအုန်း၊ ဒေါ်လှခင်၊ မောင်လေး မောင်ထွန်းမြင့်၊ သမီး စန်းစန်းလွင်တို့အားရည်စူး၍ ဒေါ်ရင်ရင်မေ မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို ဒုတိယအကြိမ် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးသန်းလွင်တို့ လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

လားရှိုးမြို့၌ စုပေါင်းသွေးလှူ

ရန်ကုန် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ လားရှိုးမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ခရိုင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ဦးဆောင်သော သွေးလှူရှင် ၂၀၊ မြို့နယ် အဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မူ ဦးဆောင်သော သွေးလှူရှင် ၁၆ဦး စုစုပေါင်း ၃၆ဦးတို့က စုပေါင်းသွေးလှူကြရာ သွေးပုလင်းပေါင်း ၁၆ ပုလင်း ရရှိလှူဒါန်းခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

သိန်းနီမြို့လမ်း ဝဲ/ယာ ချုံနွယ်များရှင်းလင်း

သိန်းနီ စက်တင်ဘာ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့ ရပ်ကွက်(၁၁)မေတ္တာလမ်း လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဆယ်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၈ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော် အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။(မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂုဏ်ပြုဆုချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနားခရိုင် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား

ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားပြီး ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် နေပြည်တော် ပျဉ်းမနားခရိုင် အတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မစုရတနာထူးနှင့် ငါးဘာသာဂုဏ်ထူးရှင် မခင်သန္တာထွန်း၊ မခိုင်ဝင့်ရည်သင်း၊ မခင်ရတနာဦးတို့အား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ လေးဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦးတို့အား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ မန္တလေးတိုင်းအလုပ်အမှုဆောင် ဦးဘိုနီ၊ နေပြည်တော်ပျဉ်းမနားခရိုင်အသင်း အတွင်းရေးမှူး ဦးခင်မောင်ငွေးတို့က ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

လက်ခံရယူ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့အတွက် အလှူငွေများကို ပေးအပ်ရာ အသင်းအတွင်းရေးမှူးများက လက်ခံရယူသည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်ရာ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းတွင်းမြစ်နှင့် သံလွင်မြစ် မြစ်ရေကြီးမှု အခြေအနေထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၄

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့၌ စင်တီမီတာ ၂၉၅၀ နှင့် မုံရွာမြို့၌ ၁၀၂၆ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ ဟုမ္မလင်းမြို့တွင် စင်တီမီတာ ၅၀ နှင့် မုံရွာမြို့၌ ၂၆ စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ နှင့် မုံရွာမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီခေါင်းဆောင်များသည် နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေသဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၅၀ စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျားမင်းကြီးကျေးရွာနေ ဦးစိန်ထွန်း၊ ဦးဟန်အေး၊ ဆင်တပ်ကျေးရွာနေ ဦးတင်မောင်၊ သာဇင်ကျေးရွာနေ ဦးဖိုးချန်၊ ညောင်ပင်ဇင်ကျေးရွာနေ ဦးညွန့်လှိုင်၊ ယင်းမာကြင်းကျေးရွာနေ ဦးငွေးချန်၊ ဦးစိန်ဝင်း၊ ဦးမောင်တင်၊ ရွာမကျေးရွာနေ ဦးမောင်ရီ၊ ဆင်မြေကျေးရွာနေ ဦးဖိုးကံ၊ တစ်အိမ်တည်းကျေးရွာနေ ဦးသောင်းလှ၊ စကျင်ကျေးရွာနေ ဦးစိန်ဝင်းတို့ အပါအဝင် ပါတီဝင် ၅၀ တို့သည် စက်တင်ဘာ ၆ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

ခရီးသွားပြည်သူများ ဈေးနှုန်းချိုသာစွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသော မြန်မာ့မီးရထား

ခရီးသွားလာရာတွင် ငွေကုန် ကြေးကျ သက်သာမှုအရှိဆုံးမှာ မီးရထားဖြင့် ခရီးသွားလာခြင်းပင် ဖြစ်ပါသည်။

အောင်(မီးရထား၏) ဆောင်းပါး

စာမျက်နှာ— ၆၊၇